## ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍ ကျူးလွန်မှုနည်းပုံစံ အစီရင်ခံစာ

## (Typology Report)

### နိဒါန်း

၁။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (Anti Money Laundering and Countering the Financing of Terrorism–AML/CFT) လုပ်ငန်းများကို ၁၉၈၉ ခုနှစ်တွင် စက်မှုထိပ်သီး(၇)နိုင်ငံမှ ဦးဆောင်ဖွဲ့စည်းခဲ့သော ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေး အဖွဲ့ (Financial Action Task Force –FATF) က AML/CFT တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့နိုင်ငံများအနေဖြင့် AML/CFT လုပ်ငန်းများ ဆောင်ရွက်ရန် FATF ၏ အကြံပြုချက်များကို ကုလသမဂ္ဂမှ ထုတ်ပြန်သည့် ဆုံးဖြတ်ချက်များကဲ့သို့ပင် လိုက်နာဆောင်ရွက်လျက်ရှိရာ FATF မှ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးအတွက် အကြံပြုချက်(၄၀) ထုတ်ပြန် ထားရှိပြီး အဖွဲ့ဝင်နိုင်ငံများက လိုက်နာ ကျင့်သုံးလျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၀၆ ခုနှစ်၊ မတ်လ ၉ ရက်တွင် အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (Asia Pacific Group on Money Laundering–APG)သို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး ငွေကြေး ခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ၂၀၀၂ ခုနှစ်တွင် တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေးဥပဒေကိုလည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေး နည်းဥပဒေကိုလည်းကောင်း၊ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအား ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနည်းဥပဒေအား ပြဋ္ဌာန်းခဲ့ပါသည်။

### ရည်ရွယ်ချက်

၃။ ခေတ်စနစ်များ တိုးတက်လာသည်နှင့်အမျှ စနစ်တကျဖွဲ့စည်းထားသော ဂိုဏ်းအဖွဲ့များ၊ ပြစ်မှုကျူးလွန်သူများ ပေါ်ပေါက်လာသည့်အတွက် ၎င်းတို့မှ စီးပွားရေးလုပ်ငန်းများရှိ ငွေကြေးဆိုင်ရာ လစ်ဟာမှုများကို အသုံးပြုခဲ့သည့် ငွေကြေးခဝါချမှုနည်းပုံစံများအား သိရှိနားလည်စေရန်။

### ငွေကြေးခဝါချမှု မှုခင်းများ

၄။ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးတို့နှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ်မှ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လအထိ ငွေကြေးခဝါချမှု မှုခင်းများအား အောက်ပါတိုင်း စစ်ဆေးဆောင်ရွက်ခဲ့ပါသည်-

| စဉ် | ခုနှစ် | မူးယစ်မှု | လူကုန်ကူးမှု | STR/PTR | အခြားမှု | အမှုပေါင်း | တိုင်/စွဲ | | | ပိတ် | | ကျန် | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | ပြီးပြတ်မှု | ကျန်ရှိမှု | စုစုပေါင်း | FIU (ရပ်ဆဲမှု) | တရားရုံး | အရေးယူရန် စောင့်ဆိုင်းဆဲ | စစ်ဆေးဆဲ |
| ၁ | ၂၀၁၄ | ၂ | - | - | ၂ | ၄ | ၂ | ၁ | ၃ | ၁ | - | - | - |
| ၂ | ၂၀၁၅ | ၇ | ၂ | ၅ | ၁ | ၁၅ | ၅ | ၂ | ၇ | ၈ | - | - | - |
| ၃ | ၂၀၁၆ | ၈ | - | ၁ | ၂ | ၁၁ | ၇ | ၁ | ၈ | ၃ | - | - | - |
| ၄ | ၂၀၁၇ | ၉ | ၂ | ၂ | ၃ | ၁၆ | ၄ | ၄ | ၈ | ၈ | - | - | - |
| ၅ | ၂၀၁၈ | ၁၀ | - | ၂ | ၈ | ၂၀ | ၆ | ၄ | ၁၀ | ၈ | - | ၂ | - |
| ၆ | ၂၀၁၉ | ၂၀ | - | ၁ | ၆ | ၂၇ | ၂ | ၁၁ | ၁၃ | ၈ | - | ၅ | ၁ |
| ၇ | ၂၀၂၀ | ၂၃ | - | ၂ | ၂ | ၂၇ | ၁ | ၃ | ၄ | ၇ | - | ၄ | ၁၂ |
| ၈ | ၂၀၂၁ | ၃၆ | - | ၂ | ၅ | ၄၃ | - | ၁ | ၁ | ၈ | - | ၂ | ၃၂ |
| ၉ | ၂၀၂၂ | ၂၆ | - | ၁ | ၂ | ၂၉ | - | - | - | - | - | - | ၂၉ |
| စုစုပေါင်း | | ၁၄၁ | ၄ | ၁၆ | ၃၁ | ၁၉၂ | ၂၇ | ၂၇ | ၅၄ | ၅၁ | - | ၁၃ | ၇၄ |

**ငွေကြေးခဝါချမှုများနှင့်ပတ်သက်၍ အမှုဖွင့်/တရားစွဲ/ပိတ်သိမ်းမှု/ သိမ်းဆည်းရမိသည့် ပစ္စည်းများ**

၅။ ငွေကြေးခဝါချမှုများနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ်မှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအထိ အမှုပေါင်း (၁၉၂)မှုအား စစ်ဆေးခဲ့ပြီး မူးယစ်မှု ၂၃ မှု၊ အခြားအမှု ၄ မှု စုစုပေါင်း ၂၇ မှုအား တရားစွဲတင်နိုင်ခဲ့ပြီး၊ မူးယစ်မှု ၁၉ မှု၊ လူကုန်ကူးမှု ၃ မှု၊ အခြားအမှု ၅ မှု စုစုပေါင်း ၂၇ မှုတို့အား တရားစွဲတင်နိုင်ခဲ့ပါသည်။ ထို့အပြင် မူးယစ်မှု ၂၃ မှု၊ လူကုန်ကူးမှု ၁ မှု၊ STR/PTR ၁၃ မှု၊ အခြားမှု ၁၄ မှု စုစုပေါင်း ၅၁ မှုအား ငွေကြေးခဝါချမှုနှင့် ငြိစွန်းမှုမရှိသဖြင့် အမှုအားရပ်စဲခဲ့ပါသည်။ မူးယစ်မှု ၁၀ မှု၊ STR ၁ မှု၊ အခြားအမှု ၂ မှု စုစုပေါင်း ၁၃ မှုအား ငွေကြေးခဝါချမှုဖြင့် အရေးယူရန်

ဆောင်ရွက်လျက်ရှိပြီး မှုးယစ်မှု ၆၇ မှု၊ STR/PTR ၂ မှုနှင့် အခြားမှု ၅ မှု စုစုပေါင်း ၇၄ မှုအား စစ်ဆေးဆောင်ရွက် လျက်ရှိပါသည်။ ၂၀၁၄ ခုနှစ်မှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအထိ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေဖြင့် တရားခံ ကျား ၃၂ ဦး၊ မ ၉ ဦး စုစုပေါင်း ၄၁ ဦးအား အရေးယူနိုင်ခဲ့ပြီး ငွေကျပ် ၁၄,၉၈၃.၄၇ သန်း၊ အမေရိကန်ဒေါ်လာ ၄၈၇,၁၇၄.၂၊ စင်္ကာပူဒေါ်လာ ၂,၆၂၀၊ မလေးရှားရင်းဂစ် ၂၉ အား ပြည်သူ့ ဘဏ္ဍာသိမ်းဆည်းနိုင်ခဲ့ပါသည်။

**ငွေကြေးခဝါချမှု မှုခင်းများနှင့်ပတ်သက်၍ စစ်ဆေးတွေ့ရှိရသည့် ငွေကြေးခဝါချမှုများ**

၆။ ငွေကြေးခဝါချမှု မှုခင်းများနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများသည် တန်ဖိုးကြီး ပိုင်ဆိုင်မှုများဝယ်ယူခြင်း၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်း၊ အဓိကကျသော ဈေးကွက်များတွင် ရင်းနှီးမြှုပ်နှံခြင်း၊ ပြည်ပဘဏ်အကောင့်များကို အသုံးပြုခြင်း၊ ငွေဆက်သား (သို့) ငွေသားမှောင်ခိုကူးသူများကို အသုံးပြုခြင်း၊ တရားမဝင်ဘဏ်လုပ်ငန်းများနှင့် ဟွန်ဒီ/ ဟာဝါလာများကို အသုံးပြုခြင်း မိသားစုဝင်များနှင့် ပြင်ပအဖွဲ့စည်းများအား အသုံးပြု၍ ငွေကြေးခဝါချရန် ကြိုးပမ်းမှုဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။

**မှုခင်းဖြစ်စဉ်(၁)**

**Natural Force Co., Ltd မူးယစ်ဆေးဝါးအမှု**

၇။ ရှမ်းပြည်နယ်မှ မူးယစ်ဆေးဝါးပမာဏအမြောက်အများအားဝယ်ယူ၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်သို့ တင်သွင်း ဖြန့်ဖြူးရောင်းချသူ AA Co., Ltd ၏ မန်နေဂျင်း ဒါရိုက်တာ Mr.A နှင့် ဇနီးအား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖမ်းဆီးရမိခဲ့ပြီးနောက် ၎င်း၏ ပိုင်ဆိုင်မှုများသည် မူးယစ်ဆေးဝါး ရောင်းဝယ်ရာမှရရှိလာသော ငွေကြေးများကို အသွင်ပြောင်းလဲထားခြင်း ဟုတ်/မဟုတ် စိစစ်နိုင်ရန် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ လွှဲပြောင်းခဲ့သော အမှုဖြစ်ပါသည်။

၈။ စစ်ဆေးပေါ်ပေါက်ချက်များအရ အမှုမှ သံသယရှိသူ Mr.A နှင့် ဇနီးအား ၂၀၀၂ ခုနှစ် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေးဥပဒေ ပုဒ်မ-၂၂ ဖြင့်လည်းကောင်း၊ ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ-၄၃ ဖြင့်လည်းကောင်း တရားစွဲတင်ခဲ့ပါသည်။ နောက်ဆုံးတွင် အမှုမှ တရားခံ Mr.A အား ၂၀၀၂ ခုနှစ် တရားမဝင်သော နည်းလမ်း ဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေးဥပဒေ ပုဒ်မ-၂၂ အရ အလုပ်နှင့် ထောင်ဒဏ် (၁၅)နှစ်ချ မှတ်ခဲ့ပြီး အိမ်ခြံမြေ(၅)ခု၊ ပုဇွန်ကန်(၁)ကန်၊ မော်တော်ယာဉ်(၈)စီး၊ ရေယာဉ် (၁၀)စီး၊ ယာဉ်ယန္တရား (၁၀)စီး၊ မီးစက်ကြီး(၂)လုံး၊ အထွေထွေပစ္စည်း(၂၆၃)မျိုး၊ ဘဏ်စာရင်း(၁)ခု၊ ရရန် ကြွေးမြီ ငွေစာရင်း(၁)ခု၊ စုစုပေါင်း ကျပ် ၃၉၆၂.၆၂ သန်းနှင့် အမေရိကန်ဒေါ်လာ ၁၆၃,၇၂၀.၄၈ တို့အား ပြည်သူ့ဘဏ္ဍာအဖြစ်

သိမ်းဆည်းခဲ့သည့်အပြင် ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ-၄၃ ဖြင့်လည်း အလုပ်နှင့် ထောင်ဒဏ် (၁၀)နှစ်ချမှတ်ကာ အိမ်ခြံမြေ(၁)ခု၊ မော်တော်ယာဉ်(၃)စီး၊ ရေယာဉ်(၄)စီး၊ ယာဉ်ယန္တရား (၃)စီး၊ ရွှေရောင် Rolex လက်ပတ်နာရီတစ်လုံး၊ အထွေထွေပစ္စည်း ၁၄၉၅ မျိုး၊ ဘဏ်ငွေစာရင်း(၈)ခု စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၃၅၆.၉၇သန်း၊ အမေရိကန်ဒေါ်လာ ၃၂၂,၇၅၃၊ စင်္ကာပူဒေါ်လာ ၃၇၀၊ မလေးရှားရင်းဂစ် ၁၉ တို့အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ပါသည်။

**အသုံးပြုသည့် နည်းပုံစံ**

| စဉ် | နည်းပုံစံ | အမှုမှလေ့လာတွေ့ရှိချက် |
|---|---|---|
| ၁ | တန်ဖိုးကြီးပိုင်ဆိုင်မှုများဝယ်ယူခြင်းဖြင့် ငွေကြေးခဝါချခြင်း | ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တွင် အိမ်ခြံမြေများ ဝယ်ယူခြင်း၊ ရေယာဉ်/သင်္ဘောများ ဝယ်ယူခြင်း၊ |
| ၂ | ရင်းနှီးမြှုပ်နှံမှုနည်းလမ်းဖြင့် ငွေကြေးခဝါချခြင်း | လုပ်ငန်းသုံးပစ္စည်းများနှင့်လုပ်ငန်းသုံး မော်တော်ယာဉ်များ ဝယ်ယူခြင်း၊ |
| ၃ | အမိကကျသော စျေးကွက်များတွင်ရင်းနှီးမြှုပ်နှံခြင်းဖြင့် ငွေကြေးခဝါချခြင်း | ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း၊ |
| ၄ | ပြည်ပဘဏ်အကောင့်များကို အသုံးပြု၍ ငွေကြေးခဝါချခြင်း | စင်္ကာပူနိုင်ငံနှင့်ထိုင်းနိုင်ငံ တို့တွင် ဘဏ်ငွေစာရင်းများဖွင့်လှစ်ကာ ငွေသွင်း/ထုတ်ပြုလုပ်ခြင်း၊ |
| ၅ | ပြည်ပဘဏ်အကောင့်များကို အသုံးပြု၍ ငွေကြေးခဝါချခြင်း | အခွန်တိမ်းရှောင်လိုသည့် ရည်ရွယ်ချက်ဖြင့် မူရင်းစာချုပ်များ၊ အတည်ပြုလက်မှတ်များ ပါရှိခြင်းမရှိသော စာရင်းပိုပြထားသည့် ကုမ္ပဏီ အသုံးစရိတ်များ အား မမှန်မကန်တင်ပြခြင်း၊ |
| ၆ | ငွေဆက်သား(သို့) ငွေသားမှောင်ခိုကူးသူများကို အသုံးပြု၍ ငွေကြေးခဝါချခြင်း | ဝင်ငွေရလမ်း မဖော်ပြနိုင်သော ငွေကြေးများအား ပြည်ပနိုင်ငံများရှိ ဘဏ်ငွေစာရင်းများသို့ အပ်နှံရန် ငွေဆက်သားများအား အသုံးပြုခြင်း |
| ၇ | တရားမဝင်ဘဏ်လုပ်ငန်းများနှင့် ဟွန်ဒီ/ ဟာဝါလာများကို အသုံးပြု၍ ငွေကြေးခဝါချခြင်း | ဝင်ငွေရလမ်းမဖော်ပြနိုင်သော ပြည်တွင်း/ပြည်ပရှိ ငွေကြေးများအား လွှဲပြောင်းရာတွင် ဟွန်ဒီ/ ဟာဝါလာ နည်းကိုအသုံးပြုခြင်း |
| ၈ | မိသားစုဝင်များနှင့်ပြင်ပအဖွဲ့စည်းများအား အသုံးပြု၍ ငွေကြေးခဝါချခြင်း | မိသားစုဝင် တစ်ဦးဦး၊ ယုံကြည်စိတ်ချရသူ တစ်ဦးဦး၏ အမည်ခံများကို အသုံးပြု၍ အိမ်ခြံမြေများ ဝယ်ယူခြင်း၊ ရေယာဉ်များ တည်ဆောက်ခြင်း |

**မှုခင်းဖြစ်စဉ်(၂)**

**လှိုင်သာယာ ရာဇဝတ်ဂိုဏ်းခေါင်းဆောင် Mr.A အမှု**

၉။ အကြမ်းဖက်ဥပဒေပုဒ်မ-၃ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁၀)၊ (၁၄) တို့တွင်ပြဋ္ဌာန်းထားသည့် အများပြည်သူ၏ လုံခြုံရေး၊ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးနှင့် ဘေးကင်းရေးကို ထိခိုက်စေသော ပြစ်မှုများဖြစ်သည့် လူသတ်မှု၊ ခြောက်လှန့်တောင်းယူမှု၊ လုယက်မှု၊ ခိုးမှု၊ ပြည်သူ့ဝန်ထမ်းအား အပြင်းအထန်နာကျင်စေမှု၊ လက်နက်မှုများစွာကို ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်အတွင်း၌ ၁၉၉၆ ခုနှစ်မှစတင်ကာ ဂိုဏ်းဖွဲ့ကျူးလွန်ခဲ့သဖြင့် အလုပ်နှင့် ထောင်ဒဏ် (၈၀)နှစ် ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသူ ရာဇဝတ်ဂိုဏ်း ခေါင်းဆောင် **Mr.A** သည် ၂၀၁၂ ခုနှစ်တွင် ရဲဘက်စခန်းမှ ထွက်ပြေးတိမ်းရှောင် ခဲ့ပါသည်။

၁၀။ နောက်ပိုင်းတွင် **Mr.A** သည် လှိုင်သာယာမြို့နယ်အတွင်း ပြန်လည်နေထိုင်ပြီး ဂိုဏ်းဖွဲ့၍ လူသတ်မှု၊ ဓါးပြမှု၊ လက်နက်မှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ ခြောက်လှန့်တောင်းယူမှု၊ လောင်းကစားမှုနှင့် အကြမ်းဖက်မှုများကို ထပ်မံကျူးလွန်နေသဖြင့် ၂၀၁၄ ခုနှစ်တွင် ၎င်းနှင့် ရာဇဝတ်ဂိုဏ်းအဖွဲ့ဝင်များအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များမှ အင်အားသုံး ပစ်ခတ်ဖမ်းဆီး ရမိခဲ့ပြီးနောက် ၎င်း၏ ပိုင်ဆိုင်မှုများသည် ရာဇဝတ်မှုများ ကျူးလွန်ရာမှရရှိလာသော ငွေကြေးများကို အသွင်ပြောင်းလဲထားခြင်း ဟုတ်/မဟုတ် စိစစ်နိုင်ရန် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ လွှဲပြောင်းခဲ့သော အမှုဖြစ်ပါသည်။

၁၁။ စစ်ဆေးပေါ်ပေါက်ချက်များအရ အမှုမှ သံသယရှိသူ **Mr.A** နှင့် ၎င်း၏ ဇနီး Ms.B တို့အား ၂၀၀၂ ခုနှစ် တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများထိန်းချုပ်ရေး ဥပဒေ ပုဒ်မ-၂၂ ဖြင့် လည်းကောင်း၊ ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေ ပုဒ်မ-၄၃ ဖြင့်လည်းကောင်း တရားစွဲတင်ခဲ့ပါသည်။ တရားရုံးပြီးပြတ်ချက် အမိန့်အရ **Mr.A** အား ၂၀၀၂ ခုနှစ် တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေ ပုဒ်မ-၂၂ ဖြင့် ထောင်ဒဏ် (၁)နှစ်၊ ကိုလည်းကောင်း၊ ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ-၄၃ ဖြင့် ထောင်ဒဏ် (၁)နှစ် ကိုလည်ကောင်း၊ ၎င်း၏ဇနီး Ms.B အား အဆိုပါ ပုဒ်မ(၂)ခုဖြင့် ထောင်ဒဏ် (၆)လ စီဖြင့် အမှု(၂)မှုအား သီးခြား ပြစ်ဒဏ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပါသည်။ ထို့နောက် ၎င်းတို့ပိုင်ဆိုင်သော နေအိမ်(၈)လုံး၊ မော်တော်ယာဉ်(၁)စီးနှင့် မြန်မာ ငွေကျပ် (၃၂၆)သန်း အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ပါသည်။

**အသုံးပြုသည့် နည်းပုံစံ**

| စဉ် | နည်းပုံစံ | အမှုမှလေ့လာတွေ့ရှိချက် |
|---|---|---|
| ၁ | လောင်းကစားလုပ်ခြင်းဖြင့် ငွေကြေးခဝါချခြင်း | တရားမဝင် လောင်းကစားရုံများတည်ထောင်ခြင်း၊ |
| ၂ | တန်ဖိုးကြီးပိုင်ဆိုင်မှုများဝယ်ယူခြင်းဖြင့် | အင်းစိန်၊ ရွှေပြည်သာနှင့် လှိုင်သာယာမြို့နယ် |

| | | |
|---|---|---|
| | ငွေကြေးခဝါချခြင်း | များတွင် အိမ်ခြံမြေများဝယ်ယူခြင်း၊ |
| ၃ | ရင်းနှီးမြှုပ်နှံမှုဖြင့် ငွေကြေးခဝါချခြင်း | လုပ်ငန်းသုံး မော်တော်ယာဉ်များ ဝယ်ယူခြင်း၊ |
| ၄ | ရွှေ့ပြောင်းလွယ်သော အဖိုးတန်ပစ္စည်းများ ဝယ်ယူခြင်း | ရွှေထည်/လက်ဝတ်ရတနာများ ဝယ်ယူခြင်း |
| ၅ | မိသားစုဝင်များနှင့်ပြင်ပအဖွဲ့စည်းများအား အသုံးပြု၍ ငွေကြေးခဝါချခြင်း | မိသားစုဝင်တစ်ဦးဦး၊ ယုံကြည်စိတ်ချရသူတစ်ဦး၏ အမည်ခံများကို အသုံးပြု၍ အိမ်ခြံမြေများ ဝယ်ယူခြင်း၊ |

**မှုခင်းဖြစ်စဉ်(၃)**

**မလေးရှားနိုင်ငံသို့ လူကုန်ကူးမှု**

၁၂။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအား မြန်မာနိုင်ငံမှတစ်ဆင့် မလေးရှားနိုင်ငံသို့ လူကုန်ကူးသူ **Mr.A** အား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖမ်းဆီးရမိခဲ့ပြီး နောက် ၎င်း၏ ပိုင်ဆိုင်မှုများသည် ပြစ်မှုကျူးလွန်ရာမှ ရရှိလာသော ငွေကြေးများကို အသွင်ပြောင်းလဲထားခြင်း ဟုတ်/မဟုတ် စိစစ်နိုင်ရန် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ လွှဲပြောင်းခဲ့သော အမှုဖြစ်ပါသည်။

၁၃။ စစ်ဆေးပေါ်ပေါက်ချက်များအရ အမှုမှ သံသယရှိသူ **Mr.A** အား ၂၀၀၂ ခုနှစ် တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများထိန်းချုပ်ရေးဥပဒေ ပုဒ်မ-၂၃ အရလည်းကောင်း၊ ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ-၄၃ အရ လည်းကောင်း တရားစွဲတင်ခဲ့ပါသည်။ တရားရုံးအမှုပြီးပြတ်ချက်အရ **Mr.A** အား အဆိုပါအမှု(၂)ခုအတွက် အလုပ်နှင့် ထောင်ဒဏ်(၅)နှစ်ဖြင့် ပြစ်ဒဏ်များကို တစ်ပြိုင်တည်းကျခံစေရန် အမိန့်ချမှတ်ခဲ့ပါသည်။ ထို့နောက် ၎င်းပိုင်ဆိုင်သော မြေကွက်(၁၈)ကွက်၊ ဥယျာဉ်ခြံမြေ(၁)ကွက်၊ အဆောက်အဦး(၃)လုံး၊ မော်တော်ယာဉ်(၂)စီးနှင့် နိုင်ငံခြားဘဏ်ငွေစာရင်းပါ ငွေစာရင်း(၈)ခု တို့အား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့ပါသည်။

**အသုံးပြုသည့် နည်းပုံစံ**

| စဉ် | နည်းပုံစံ | အမှုမှလေ့လာတွေ့ရှိချက် |
|---|---|---|
| ၁ | တန်ဖိုးကြီးပိုင်ဆိုင်မှုများဝယ်ယူခြင်းဖြင့် ငွေကြေးခဝါချခြင်း | ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ တွင် အိမ်ခြံမြေများ ဝယ်ယူခြင်း၊ |
| ၂ | ရင်းနှီးမြှုပ်နှံမှုဖြင့် ငွေကြေးခဝါချခြင်း | လုပ်ငန်းသုံး မော်တော်ယာဉ်များ ဝယ်ယူခြင်း၊ |

| စဉ် | နည်းပုံစံ | အမှုမှလေ့လာတွေ့ရှိချက် |
|---|---|---|
| ၃ | ပြည်ပဘဏ်အကောင့်များကို အသုံးပြု၍ ငွေကြေးခဝါချခြင်း | ၎င်း၏ မိတ်ဆွေဖြစ်သူ ထိုင်းနိုင်ငံသားတစ်ဦး အမည်ခံ၍ ထိုင်းနိုင်ငံတွင် ဘဏ်ငွေစာရင်းဖွင့်လှစ်ကာ ငွေသွင်း/ထုတ် များပြုလုပ်ခြင်း၊ |
| ၄ | သက်သေခံကဒ်ပြားအတုများကို အသုံးပြုခြင်း | ၂၀၀၅ ခုနှစ် လူသတ်မှုရင်ဆိုင်နေစဉ်အတွင်း ပျောက်ဆုံးသွားသော နိုင်ငံသားစိစစ်ရေးကဒ်ပြားအား ပြန်လည်လျှောက်ထားခြင်းမရှိဘဲ ၂၀၁၂ ခုနှစ်တွင် ထိုင်းဘတ်ငွေ(၂၀၀၀)ပေး၍ တစ်ကြိမ်၊ ၂၀၁၄ ခုနှစ်တွင် ထိုင်းဘတ်ငွေ(၃၀၀၀)ပေး၍ တစ်ကြိမ် နိုင်ငံသားစိစစ်ရေးကဒ်ပြားအတု များ ပြုလုပ်ခဲ့ခြင်း၊<br><br>အဆိုပါ နိုင်ငံသားစိစစ်ရေးကဒ်ပြားအတု များကို အသုံးပြု၍ ပြည်တွင်းရှိဘဏ်ခွဲများ တွင် ငွေစာရင်းများ ဖွင့်လှစ်ခြင်း၊ |
| ၅ | အစိုးရထိ ဖြင့် ငွေကြေးခဝါချခြင်း | စုစုပေါင်းငွေကျပ် ၁၅၀၁ သိန်းတန်ဖိုးရှိ အစိုးရထိ ပေါက်မဲလက်မှတ်များ အား ဝင်ငွေရလမ်းမပြနိုင်သော ငွေကြေးများကို အသုံးပြုကာ အခွန်ရှောင်လိုသော ရည်ရွယ်ချက်ဖြင့် ဘုရားခိုင်နှုန်း အမြတ်ပေး၍ ဝယ်ယူခြင်း၊ |
| ၆ | မိသားစုဝင်များနှင့်ပြင်ပအဖွဲ့စည်းများအား အသုံးပြု၍ ငွေကြေးခဝါချခြင်း | မိသားစုဝင်များဖြစ်သော ဇနီး၊ သားနှင့်သမီး တို့၏ အမည်ခံများဖြင့် အစိုးရထိ ပေါက်မဲ လက်မှတ်များ ဝယ်ယူခြင်း၊<br><br>ဇနီးနှင့် သမီးတို့၏ အမည်ခံများဖြင့် ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး တို့တွင် အိမ်ခြံမြေ များ ဝယ်ယူခြင်း၊<br><br>ထိုင်းနိုင်ငံသား မိတ်ဆွေတစ်ဦး၏ အမည်ခံဖြင့် ထိုင်းနိုင်ငံတွင် ဘဏ်ငွေစာရင်းဖွင့်လှစ်ကာ ငွေသွင်း/ထုတ်များ ဆောင်ရွက်စေခြင်း၊ |

**မှုခင်းဖြစ်စဉ်(၄)**

**ထိုင်းနိုင်ငံထုတ်သတင်းစာပါ မူးယစ်ဆေးဝါးမှုနှင့်စပ်လျဉ်း၍ စစ်ဆေးခဲ့မှု**

၁၄။ ထိုင်း-မြန်မာ/ကုန်သွယ်မှုကို ဗန်းပြကာ တရားမဝင်မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချသူ Ms.A အား ၎င်း၏ ပိုင်ဆိုင်မှု ဘတ်သန်း(၂၀၀)ခန့်၊ မူးယစ်ဆေးဝါးဆိုင်ရာ ငွေစာရင်းစာအုပ် ပေါင်း (၇၀)ခန့်နှင့်အတူ ထိုင်းနိုင်ငံတွင် ဖမ်းဆီးအရေးယူခဲ့မှုအား ထိုင်းနိုင်ငံထုတ် "ထိုင်းရတ်" သတင်းစာအရ သိရှိခဲ့ရပြီးနောက် အဆိုပါအမှုနှင့် ဆက်နွယ်နေသော မြန်မာနိုင်ငံသား Ms.B မိသားစုအား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ စစ်ဆေးခဲ့သော အမှုဖြစ်ပါသည်။

၁၅။ စုံစမ်းစစ်ဆေးမှုအရ Ms.B မိသားစုပိုင် "KKN ထိုင်း-မြန်မာ ကုမ္ပဏီလုပ်ငန်း"သည် ဗဟိုဘဏ်မှ ထုတ်ပေးထားသည့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်မရှိဘဲ နိုင်ငံခြားငွေလဲလှယ်ရေးလုပ်ငန်း လုပ်ကိုင်ခြင်း၊ ဟွန်ဒီ တရားမဝင်လုပ်ငန်း လုပ်ကိုင်ခြင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်ရာမှ ရရှိလာသော ငွေကြေးများကို ဟွန်ဒီ/ဟာဝါလာနည်းဖြင့် လွှဲပြောင်းကာ အသွင်ပြောင်းလဲပေးခြင်းများ ဆောင်ရွက်နေ ကြောင်း ပေါ်ပေါက်ခဲ့ပါသည်။ သို့ဖြစ်၍ ဗဟိုဘဏ်မှ ထုတ်ပေးထားသည့် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်မရှိဘဲ ငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းများ(ဟွန်ဒီ)လုပ်ငန်း လုပ်ကိုင်သူ Ms.B ၎င်း၏ သားဖြစ်သူ Mr.A နှင့် သမီးဖြစ်သူ Ms.C တို့အား ၁၉၉၀ ပြည့်နှစ် မြန်မာနိုင်ငံငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေ ပုဒ်မ-၈၀/၈၂ အရ တရားစွဲတင်ခဲ့ပြီး အဆိုပါအမှု နှင့်ပတ်သက်၍ ၎င်းတို့ (၃)ဦးအား ထောင်ဒဏ် (၆)လစီကျခံစေရန် အမိန့်ချမှတ်ခဲ့ပါသည်။

၁၆။ ထို့နောက် အမှုမှ သံသယရှိသူ Ms.B နှင့် ၎င်း၏ သားမက်ဖြစ်သူ Mr.A တို့အား ၂၀၀၂ ခုနှစ် တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများထိန်းချုပ်ရေးဥပဒေပုဒ်မ-၂၂ ဖြင့်လည်းကောင်း၊ ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ-၄၃ ဖြင့်လည်းကောင်း တရားစွဲတင်အရေး ယူထားရှိပြီးဖြစ်ပါသည်။

**အသုံးပြုသည့် နည်းပုံစံ**

| စဉ် | နည်းပုံစံ | အမှုမှလေ့လာတွေ့ရှိချက် |
|---|---|---|
| ၁ | တရားမဝင်ဘဏ်လုပ်ငန်းများနှင့် ဟွန်ဒီ/ ဟာဝါလာများကို အသုံးပြု၍ ငွေကြေးခဝါချခြင်း | ဝင်ငွေရလမ်းမပြနိုင်သော ငွေကြေးများကို ဟွန်ဒီ/ ဟာဝါလာနည်းဖြင့် လွှဲပြောင်းခြင်း၊ |
| ၂ | နိုင်ငံခြားငွေလဲလှယ်ရေးနှင့် ငွေသားပြောင်းလဲခြင်း လုပ်ငန်းကို အသုံးပြု၍ ငွေကြေးခဝါချခြင်း | ထိုင်းနိုင်ငံမှ မူးယစ်ဆေးဝါးရောင်း/ဝယ်သူများ၏ ငွေကြေးများကို ၎င်း၏ နိုင်ငံခြားငွေလဲလှယ်ရေး ကုမ္ပဏီမှ တဆင့် ပြောင်းလဲခဝါချပေးခြင်း၊ |
| ၃ | ပြည်ပဘဏ်အကောင့်များကို အသုံးပြု၍ ငွေကြေးခဝါချခြင်း | ၎င်း၏ အမည်ဖြင့် ထိုင်းနိုင်ငံတွင် ဘဏ်ငွေစာရင်း ဖွင့်လှစ်ကာ ငွေ/သွင်းထုတ်များပြုလုပ်ခြင်း၊ |
| ၄ | တန်ဖိုးကြီးပိုင်ဆိုင်မှုများဝယ်ယူခြင်းဖြင့် ငွေကြေးခဝါချခြင်း | ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် အိမ်ခြံမြေများ ဝယ်ယူခြင်း၊ |
| ၅ | ရင်းနှီးမြှုပ်နှံမှုဖြင့် ငွေကြေးခဝါချခြင်း | ရန်ကုန်နှင့်မြဝတီတို့တွင် ဆိုင်ခန်းများဝယ်ယူခြင်း၊ |

| စဉ် | နည်းပုံစံ | အမှုမှလေ့လာတွေ့ရှိချက် |
|---|---|---|
| | | ရွှေလုပ်ငန်း၊ ငါးလုပ်ငန်းနှင့် အထည်အလိပ်ရောင်း/ ဝယ်ရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ လုပ်ငန်းသုံးမော်တော်ယာဉ်များဝယ်ယူခြင်း၊ |
| ၆ | ချက်လက်မှတ်နှင့် အကြွေးဝယ်ကဒ်များကို အသုံးပြု၍ ငွေကြေးခဝါချခြင်း | ငွေကြေးဆိုင်ရာဝန်ဆောင်မှုများဆောင်ရွက်ရာ တွင် Online Transfer Credit Card အား အသုံးပြုခြင်း |
| ၇ | ရွှေ့ပြောင်းလွယ်သော အဖိုးတန်ပစ္စည်းများ ဝယ်ယူခြင်းဖြင့် ငွေကြေးခဝါချခြင်း | ရွှေနှင့် လက်ဝတ်ရတနာများ ဝယ်ယူခြင်း၊ |
| ၈ | မိသားစုဝင်များနှင့်ပြင်ပအဖွဲ့စည်းများအား အသုံးပြု၍ ငွေကြေးခဝါချခြင်း | မိသားစုဝင်များ စုပေါင်းလုပ်ကိုင်သည့် ကုမ္ပဏီ မှတဆင့်ငွေကြေးခဝါချမှုများ ဆောင်ရွက်ပေးခြင်း၊ မိသားစုဝင်များ အမည်ခံ၍ အိမ်ခြံမြေများနှင့် ဆိုင်ခန်းများ ဝယ်ယူခြင်း၊ |

**မှုခင်းဖြစ်စဉ်(၅)**

**အစွလာမ်လက်နက်ကိုင်တပ်ဖွဲ့ ဖွဲ့စည်းရန်စီစဉ်ဆောင်ရွက်သူ Mr.A အမှု**

၁၇။ မြန်မာနိုင်ငံရှိမြို့ကြီးများတွင် ဖောက်ခွဲဖျက်ဆီးရန်နှင့် အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်မည့် အကြမ်းဖက်သမား (၅)ဦးအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ စစ်ဘက်ရေးရာ လုံခြုံ ရေးတပ်ဖွဲ့မှ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်တွင် ဖမ်းဆီးရမိခဲ့ပြီးနောက် တရားဥပဒေ စိုးမိုးရေးအဖွဲ့အစည်းများမှ စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်ခဲ့ ပါသည်။ စုံစမ်းစစ်ဆေးမှု များအရ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နေ Mr.A ဆိုသူသည် မြန်မာနိုင်ငံတွင် ဂျီဟာဒ်စစ်ပွဲဆင်နွှဲရန် ရည်ရွယ်ချက်ဖြင့် လိုင်ဇာမြို့၌ မြေကွက် တစ်ကွက် အားဝယ်ယူ၍ အစ္စလာမ် လူငယ်များကို စုဆောင်းကာ အကြမ်းဖက်သင်တန်းများ ဖွင့်လှစ် နိုင်ရေးအတွက် ငွေကြေးထောက်ပံ့ရေး အဓိကတာဝန်ယူထားသူ တစ်ဦးဖြစ်ကြောင်း ပေါ်ပေါက် ခဲ့ပါသည်။

၁၈။ Mr.A သည် ၂၀၀၇ ခုနှစ် မတိုင်မီက ဆိုက်ကားနင်းခြင်း၊ အငှားယာဉ်မောင်းခြင်းများ လုပ်ကိုင် ခဲ့ပြီး ၂၀၀၇ ခုနှစ်နောက်ပိုင်းတွင် အချိန်တိုအတွင်း ငွေကြေးနှင့် ပစ္စည်း အမြောက်အများ ပိုင်ဆိုင် ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ သို့ဖြစ်၍ အမှုမှ သံသယရှိသူ Mr.A နှင့် ၎င်း၏ ဇနီး Ms.B တို့ ပိုင်ဆိုင်သည့် ရန်ကုန်မြို့၊ မြစ်ကြီးနားမြို့၊ ဖားကန့်မြို့၊ ဗန်းမော်မြို့ တို့ရှိမြေကွက်များ၊ တိုက်ခန်း

များနှင့် ကွန်ဒိုတိုက်ခန်းများသည် တရားမဝင်သော နည်းလမ်းဖြင့်ရရှိလာသည့် ငွေကြေးနှင့်ပစ္စည်းများကို အသွင်ပြောင်းလဲထားခြင်း ဟုတ်/မဟုတ်၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေနှင့် ငြိစွန်းမှုရှိ/မရှိ စိစစ်နိုင်ရန် ငွေကြေးဆိုင်ရာစုံစမ်း ထောက်လှမ်းရေးအဖွဲ့သို့ လွှဲပြောင်းခဲ့သော အမှုဖြစ် ပါသည်။

အောက်ဖော်ပြပါ ရုပ်ပုံမှာ Mr.A ၏ အကြမ်းဖက်ငွေကြေးထောက်ပံ့မှု ငွေကြေး စီးဆင်းပုံဖြစ်ပါသည်-




၁၉။ အမှုမှ သံသယရှိသူ Mr.A နှင့်ဇနီးတို့အား ၂၀၀၂ ခုနှစ် တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများထိန်းချုပ်ရေးဥပဒေ ပုဒ်မ-၂၃ နှင့် ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ-၄၃ အရ တရားစွဲတင်ခဲ့ပါသည်။ Mr.A မှာ ပြည်ပသို့ ထွက်ပြေးတိမ်း ရှောင်လျက်ရှိသဖြင့် တရားခံပြေးအဖြစ် ကြေငြာထားရှိခဲ့ပြီး ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ အမှုမှ သံသယရှိသူ Mr.A ၏ ဇနီး Ms.B အား ၂၀၀၂ ခုနှစ် တရားမဝင်သောနည်းလမ်း ဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေ ပုဒ်မ-၂၃ အရ အလုပ်နှင့် ထောင်ဒဏ် (၁၀)နှစ်၊ ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ-၄၃ အရ ထောင်ဒဏ် (၁၀)နှစ်စီ အသီးသီး ချမှတ်ကာ မြစ်ကြီးနား၊ ရန်ကုန်၊ ဖားကန့်၊ ဗန်းမော်မြို့တို့မှ အိမ်ခြံမြေများနှင့် မော်တော်ယာဉ်များ စုစုပေါင်းကာလတန်ဖိုး မြန်မာငွေကျပ် ၄၈,၉၃၈ သိန်းအား ပြည်သူ့ ဘဏ္ဍာအဖြစ်သိမ်းဆည်းစေရန် အမိန့်ချမှတ်ခဲ့ပါသည်။

အသုံးပြုသည့် နည်းပုံစံ

| စဉ် | နည်းပုံစံ | အမှုမှလေ့လာတွေ့ရှိချက် |
|---|---|---|
| ၁ | တန်ဖိုးကြီးပိုင်ဆိုင်မှုများ ဝယ်ယူခြင်းဖြင့် ငွေကြေးခဝါချခြင်း | ရန်ကုန်မြို့၊ မြစ်ကြီးနားမြို့၊ ဖားကန့်မြို့နှင့် ဗန်းမော်မြို့တို့တွင် အိမ်ခြံမြေများဝယ်ယူခြင်း၊ |
| ၂ | တရားမဝင်ဘဏ်လုပ်ငန်းများနှင့် ဟွန်ဒီ/ ဟာဝါလာများကို အသုံးပြု၍ ငွေကြေး ခဝါချခြင်း | တရုတ်နိုင်ငံရှိ Mr.C ထံသို့ ငွေကြေးလွှဲပြောင်း မှုများနှင့် နိုင်ငံတကာ အကြမ်းဖက် အဖွဲ့ အစည်းများမှလွှဲပြောင်းသော ငွေကြေးထုတ်ယူခြင်းများကို မြစ်ကြီးနားရှိ ငွေလွှဲ လုပ်ငန်း လုပ်ကိုင်သူ တစ်ဦးထံမှ တစ်ဆင့် မိသားစု ထံ လွှဲပြောင်း ဆောင်ရွက်ခြင်း၊ |
| ၃ | ရင်းနှီးမြှုပ်နှံမှုဖြင့် ငွေကြေးခဝါချခြင်း | လုပ်ငန်းသုံးမော်တော်ယာဉ်များဝယ်ယူခြင်း၊ |
| ၄ | သဏ္ဍာန်ဆောင်ကုမ္ပဏီအားအသုံးပြု၍ ငွေကြေးခဝါချခြင်း | AA.Co.Ltd အမည်ဖြင့် သဏ္ဍာန်ဆောင်ကုမ္ပဏီ ထူထောင်ခြင်း၊ |
| ၅ | မိသားစုဝင်များနှင့်ပြင်ပအဖွဲ့စည်းများအား အသုံးပြု၍ ငွေကြေးခဝါချခြင်း | မိသားစုဝင်များ၏ အမည်ကို အသုံးပြု၍ ငွေလွှဲ ပြောင်းမှုများကို လက်ခံခြင်း၊ အိမ်ခြံမြေများ ဝယ်ယူခြင်း၊ ရရှိလာသော ထောက်ပံ့ငွေများကို ခေါင်းဖြူမောင်မောင် အမည်ခံဖြင့် တရုတ်နိုင်ငံတွင် ဘဏ်ငွေစာရင်း ဖွင့်လှစ် အပ်နှံထားခြင်း၊ |
| ၆ | ပြည်ပဘဏ်အကောင့်များကို အသုံးပြု၍ ငွေကြေးခဝါချခြင်း | ၎င်းမှ ယုံကြည်စိတ်ချရသူ Mr.C အမည်ခံဖြင့် တရုတ်နိုင်ငံတွင် ဘဏ်ငွေစာရင်း ဖွင့်လှစ်ကာ ငွေ သွင်း/ထုတ်များ ပြုလုပ်ခြင်း၊ |

**မှုခင်းဖြစ်စဉ်(၆)**

**ပြည်ကြီးတံခွန်မြို့မရဲစခန်း မယ(ပ)၂၂/၂၀၁၆၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)/၂၀(က)/၂၂**

၂၀။ ၁၃-၇-၂၀၁၆ ရက်နေ့ ၁၅၀၀ အချိန် ရတနာပုံ-၃ စစ်ဆင်ရေးစီမံချက်အရ ပြည်ကြီးတံခွန် မြို့နယ်ရဲတပ်ဖွဲ့မှူး Pol.Maj. A ဦးစီးအဖွဲ့နှင့် မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး(တောင်ပိုင်း)မှ Pol.Capt. B ဦးစီး ပူးပေါင်းအဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အမှတ်(ဟ-၅/၉,၁၀,၂၃,၂၄)၊ လမ်း ၇၀၊ ကျန်စစ်သားလမ်းနှင့် ပျူစောထီး လမ်းကြားရှိ Mr.C (ကျား) ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ Ms.D (မ)တို့ ၂ ဦးအား တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၂၁၃၃၀ ပြားနှင့် ဘိန်းဖြူ ၀.၂ ဂရမ်နှင့် နေအိမ်ရှေ့တွင်ရပ်ထားသော မော်တော်ယာဉ် (၃)စီးနှင့် မြန်မာ ငွေကျပ် ၅၁၂ သိန်း တို့အား သိမ်းဆည်းရမိခဲ့သော အမှု ဖြစ်ပါသည်။

၂၁။ အမှုမှ Mr.C နှင့် ၎င်း၏ဇနီး Ms.D တို့တွင် ငွေကြေးနှင့်ပစ္စည်းများ ပိုင်ဆိုင်ထားကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ သို့ဖြစ်၍ အမှုမှ သံသယရှိသူ Mr.C နှင့် ၎င်း၏ဇနီး Ms.D တို့ ပိုင်ဆိုင်သည့် မန္တလေးမြို့နှင့် မိတ္ထီလာမြို့တို့ရှိ မြေကွက်များသည် တရားမဝင်သောနည်းလမ်းဖြင့် ရရှိလာသည့် ငွေကြေးနှင့်ပစ္စည်းများကို အသွင်ပြောင်းလဲထားခြင်း ဟုတ်/မဟုတ်၊ ငွေကြေး ခဝါချမှုတိုက်ဖျက်ရေး ဥပဒေနှင့် ငြိစွန်းမှုရှိ/မရှိ စိစစ်နိုင်ရန် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ လွှဲပြောင်းခဲ့သော အမှုဖြစ်ပါသည်။

၂၂။ အမှုမှ သံသယရှိသူ Mr.C နှင့်ဇနီးတို့အား ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ-၄၃ အရ တရားစွဲတင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ-၄၃ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၂)နှစ်စီ အသီးသီးချမှတ်ကာ ၎င်းတို့ ပိုင်ဆိုင်သော မန္တလေးမြို့နှင့် မိတ္ထီလာမြို့တို့ရှိ အိမ်ခြံမြေ စုစုပေါင်းကာလတန်ဖိုး မြန်မာငွေကျပ် ၈၅၅ သိန်းအား ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းနိုင်ခဲ့ပါသည်။

**အသုံးပြုသည့် နည်းပုံစံ**

| စဉ် | နည်းပုံစံ | အမှုမှလေ့လာတွေ့ရှိချက် |
|---|---|---|
| ၁ | တန်ဖိုးကြီးပိုင်ဆိုင်မှုများ ဝယ်ယူခြင်းဖြင့် ငွေကြေးခဝါချခြင်း | မန္တလေးမြို့နှင့် မိတ္ထီလာမြို့တို့တွင် အိမ်ခြံမြေများဝယ်ယူခြင်း၊ |
| ၂ | ရင်းနှီးမြှုပ်နှံမှုဖြင့် ငွေကြေးခဝါချခြင်း | လုပ်ငန်းသုံး မြေဝယ်ယူခြင်း၊ |

**မှုခင်းဖြစ်စဉ်(၇)**

**စိစစ်ရေးအဖွဲ့(၂၀/၂၀၁၈) Mr.A**

၂၃။ ၁၁.၂.၂၀၁၈ ရက်နေ့ ၁၁၀၀ အချိန် မှုခင်းရဲတပ်ဖွဲ့မှ Pol. Maj. B ဦးစီးအဖွဲ့သည် သက်သေများနှင့် အတူ လက်ပံတန်းမြို့၊ မအူကုန်းရပ်ကွက်၊ ကံကြီးလမ်းဘေးရှိ Mr.A ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ Online Game လောင်းကစားရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်း (၅)လုံး၊ လောင်းကြေးငွေ ၁,၁၈၃,၄၅၀ ကျပ် ဂိမ်းအကောင့် နံပါတ်များနှင့် ငွေကြေးများ ရေးသားထားသည့် ဗလာစာအုပ်(၂)အုပ် ငွေရေတွက်စက်တစ်ခု၊ CB ဘဏ် ငွေထုတ်ကဒ် (၁)ခုနှင့် အတူ Mr.A အား လက်ကိုင်ဖုန်းများဖြင့် Online Game လောင်းကစားနေစဉ် ဖမ်းဆီးရမိခဲ့သဖြင့် လက်ပံတန်း မြို့မရဲစခန်း (ပ)၁၉၆/ ၂၀၁၈ လောင်းကစားဥပဒေပုဒ်မ-၁၃(က)/ ၁၄(က) အရ အမှုဖွင့်အရေးယူမှု ဖြစ်ပါသည်။

၂၄။ အွန်လိုင်း ဂိမ်းကစားနည်းမှာ မိုဘိုင်းဖုန်း များ၊ ဆော့ဖ်ဝဲများကို အသုံးပြု၍ ကိုယ်ပိုင်လျှို့ဝှက် သင်္ကေတဖြင့် ဆော့ကစားရသည့် ကစားနည်းမျိုးဖြစ်ပြီး ဆက်သွယ်ကစားမှုများကို ပြည်ပနိုင်ငံရှိ လျှို့ဝှက်ထိန်းချုပ်ထားရှိသည့် ကစားနည်းဖြစ်ကြောင်း၊ နိုင်ငံအလိုက် ကိုယ်စားလှယ်များ၏ လျှို့ဝှက်

သင်္ကေတ၊ ဒိုင်ချုပ်များ၏ လျှို့ဝှက်သင်္ကေတနှင့် ကစားသူ တစ်ဦးချင်းစီ၏ လျှို့ဝှက်သင်္ကေတဖြင့် ချိတ်ဆက်ထားပြီး လောင်းကစားရန် ရမှတ်ကို ဒိုင်ချုပ်ထံ၌ ဝယ်ယူရကြောင်း၊ လက်ခွဲဒိုင်များမှ ဒိုင်ချုပ်ထံ မိမိ ရယူဝယ်ယူလိုသည့် လောင်းကြေးငွေပမာဏအလိုက် ငွေပေးသွင်းရပြီး လက်ခွဲဒိုင်မှ ဒိုင်ချုပ်ဆီသို့ ထပ်ဆင့်ပေးပို့ရကြောင်း၊ ထိုသို့ပေးပို့ရာတွင် မိုဘိုင်းဘန့်ကင်းစနစ် ဖြင့်ငွေပေးသွင်းခြင်း၊ လွှဲပြောင်းခြင်းများကိုဆောင်ရွက်လေ့ရှိပြီး ဒိုင်ချုပ်မှ ဝယ်ယူသည့် အမှတ်ထက် ၂၀% ထပ်တောင်း၍ ဝယ်ယူသူများ၏ ဖုန်းများကို တိုက်ရိုက်ပေးပို့ကြောင်း၊ တစ်ဆင့်ခံ ဒိုင်ဖြစ်သည့် သူများအတွက် ဝယ်ယူငွေ၏ ၂% ၎င်း၏ဖုန်းသို့ ရမှတ်အဖြစ် ပေးပို့လေ့ရှိကြောင်း၊ Mr.A အနေဖြင့် ၎င်း ဘဏ်စာရင်း (၃)ခုကို အသုံးပြု၍ ဒိုင်ချုပ်မှ ညွှန်ကြားသည့် ဘဏ်စာရင်း(၃)ခုသို့ နေ့ချင်းပြီး လွှဲပြောင်းပေးပို့ လေ့ရှိကြောင်း၊ ထိုသို့ပေးပို့ရာတွင် ငွေစာရင်းလွှဲပြောင်းခြင်းဖြင့် ပေးပို့လေ့ရှိကြောင်း၊ တစ်နေ့လျှင် ငွေကြေးလွှဲပြောင်းမှု (၅)ကြိမ်မှ အကြိမ် (၂၀)ခန့် ဆောင်ရွက်ခဲ့ကြောင်း၊ ထိုကဲ့သို့ လွှဲပြောင်းပေးခြင်းဖြင့် အကျိုးအမြတ် ၂% ဂိမ်းရမှတ် ကျပ်သိန်း(၂၀၀) ခန့်ရရှိကြောင်း၊

၁။ လောင်းကစားပြုလုပ်ရန်အတွက် ပွိုင့်များ ရောင်းဝယ်ရာတွင် Online ငွေကြေး လွှဲပြောင်းမှုများကို အသုံးပြုခြင်း၊

၂။ မတူညီသော အခိကဘဏ်များ၏ ဘဏ်ခွဲများတွင် သူရထွန်း(ခ)ဖိုးသကြိန်အမည်ဖြင့် ဘဏ်ငွေ စာရင်း(၂)ခု၊ အမျိုးသမီးမိတ်ဆွေ မထက်ထက်အောင် အမည်ဖြင့် ဘဏ်ငွေ စာရင်း (၁)ခု၊

၃။ Ms.C၊ Ms.D၊ Ms.E အမည်တို့ဖြင့် ဖွင့်လှစ် ထားသည့် ဘဏ်ငွေစာရင်း အကောင့်များသို့ ဆက်သွယ်ဆောင်ရွက်ထားကြောင်း၊

၂၅။ အမှုမှ စစ်ဆေးပေါ်ပေါက်ချက်အရ ဘဏ်များတွင် ငွေသွင်းငွေထုတ် ပြုလုပ်သည့် စုစုပေါင်း လက်ကျန်ငွေကျပ် ၆၃၈၀၁၉၇.၉၁ ကျော်အား သိမ်းဆည်းနိုင်ခဲ့ပြီး Mr.A အား ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ-၄၃ အရ အလုပ်နှင့်ထောင်ဒဏ် (၆) လ ချမှတ်ခဲ့ပါသည်။



ပွိုင့်

လောင်းကစားသူ

**အသုံးပြုသည့် နည်းပုံစံ**

| စဉ် | နည်းပုံစံ | အမှုမှလေ့လာတွေ့ရှိချက် |
|---|---|---|
| ၁ | လောင်းကစားလုပ်ခြင်း | အင်တာနက်လောင်းကစားပြုလုပ်ခြင်း |

**မှုခင်းဖြစ်စဉ်(၈)**

**ထိုင်းနိုင်ငံသား Mr.A**

၂၆။ ၂၁-၅-၂၀၁၅ ရက်နေ့ ၁၅၃၀ အချိန် မောင်တောမြို့နယ်၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ(၄)၊ ဒေသ(၃) နယ်မြေ(၉) ကွေ့ကျေးရွာ၏ အနောက်ဘက်(၄) မိုင်ခန့်အကွာရှိ ပင်လယ်ပြင်ရေနက် ဧည့ဝတီရေတပ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်မတော်စစ်ရေယာဉ် အမှတ်(၅၆၈)မှ ရေယာဉ်မှူး Maj.B ဦးစီးတပ်ဖွဲ့ဝင်များသည် မြန်မာရေပိုင်နက်အတွင်း စစ်ဆင်ရေးနှင့်ပိတ်ဆို့ရေး တာဝန် ထမ်းဆောင်နေစဉ် တန်ကေး စက်လှေ(၁)စီးနှင့် အဆိုပါ စက်လှေအား ရိုက်ခွာပို့ပေးသည့် အောင်မြတ်စိုး အမည်ပါ စက်လှေ (၁)စီးအား ဖမ်းဆီးရမိသဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား(၂၀၀)ဦး တင်ဆောင်လာသော စက်လှေပိုင်ရှင် ထိုင်းနိုင်ငံသား Mr.A နှင့် Mr.C တို့အပါအဝင် ပွဲနင်း/လှေသား(၂၅)ဦးတို့အား မလေးရှားနိုင်ငံသို့ အခကြေး ငွေပေး၍ သွားရောက်လုပ်ကိုင်နိုင်ရန် စီစဉ်ဆောင်ရွက်နေချိန် ဖမ်းဆီးရမိခဲ့၍ အမှတ်(၅)လူကုန်ကူး မှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(စစ်တွေ) မှ Pol.Maj.D မှ တရားလိုပြုလုပ်တိုင်တန်းချက်အရ မောင်တောမြို့နယ်၊ အလယ်သံကျော်နယ်မြေရဲစခန်း (ပ)၁၁/၂၀၁၅၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၇/ ၃၇၁/၁၁၄ အရ အမှုဖွင့် အရေးယူခဲ့ပြီး ၃၁-၅-၂၀၂၁ မှုခင်းတပ်ဖွဲ့မှ အမှုတွဲလွှဲပြောင်းစစ်ဆေးမှု ဖြစ်ပါသည်။

၂၇။ အမှုမှ တရားခံ ထိုင်းနိုင်ငံသား Mr.A သည် ဘင်္ဂါလီလူမျိုးများအား ခိုးသွင်းပြီးနောက် ရရှိခဲ့သောငွေကြေးများဖြင့် ဒုတိယဇနီးဖြစ်သူ Ms.D အား ကော့သောင်းမြို့၊ ပိတောက်ရွှေဝါရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၇၇) တွင် “မီး” ဆိုင်ကယ်အပို ပစ္စည်းအရောင်းဆိုင်အား ရင်းနှီး မတည်ပေး

ထားကြောင်း၊ ယင်းဆိုင်တွင် စိစစ်တွေ့ရှိခဲ့ရသော ဆိုင်ကယ်အပိုပစ္စည်း(၁၀၉)မျိုးသည် တရားခံ ထိုင်းနိုင်ငံသား Mr.A မှ ဝယ်ယူထားကြောင်း စစ်ဆေးပေါ်ပေါက်ချက်အား မှုခင်းရဲတပ်ဖွဲ့မှ လွှဲပြောင်း ပေးပို့မှုအပေါ် တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို အသွင်ပြောင်း ထားကြောင်း စိစစ်ပေါ်ပေါ်ချက်အား တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်း များကို အသွင်ပြောင်းလဲထားခြင်း ဟုတ်/မဟုတ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေနှင့် ငြိစွန်းမှု ရှိ/မရှိ စိစစ်ရန်အတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ခွင့်ပြုချက်အရ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး Mr.F အဖွဲ့ ခေါင်းဆောင်အဖြစ် စိစစ်ရေးအဖွဲ့(၅၀/၂၀၁၅)(လကတ)အား လည်းကောင်း စစ်ဆေး ဆောင်ရွက်ခဲ့ပြီး ယင်းအဖွဲ့၏ စိစစ်ပေါ်ပေါက်ချက်အရ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Mr.G ဥက္ကဋ္ဌ အဖြစ်ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့(၈/၂၀၁၅)ကိုလည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ ပါသည်။

၂၈။ ထိုင်းနိုင်ငံသား Mr.A အား ၁၆-၅-၂၀၁၆ ရက်နေ့တွင် စစ်တွေခရိုင်တရားရုံးမှ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၂၄ အရ ပြစ်ဒဏ်(၂၀)နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းနှင့် ၎င်း တရားခံအား မှုခင်းရဲတပ်ဖွဲ့က စစ်တွေအကျဉ်းထောင်မှ အင်းစိန်အကျဉ်းထောင်သို့ ပြောင်းရွှေ့ပြီး ၁၄-၉-၂၀၁၆ ရက်နေ့တွင် လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၃(၁)၊ ၁၃(၅) အရ မင်္ဂလာဒုံ မြို့နယ်တရားရုံးတွင် ပြစ်မှုကြီးအမှတ် ၈၄၆/ ၂၀၁၆ ဖြင့် ထပ်မံတရားစွဲတင်ပို့ခဲ့ရာ ၂၇-၁၁-၂၀၁၇ ရက်နေ့တွင် လူဝင်မှုကြီးကြပ်ရေးအက် ဥပဒေ ပုဒ်မ ၁၃(၁)အရ အလုပ်နှင့် ထောင်ဒဏ်(၂)နှစ် ချမှတ်ခဲ့ကြောင်းနှင့် ကော့သောင်းမြို့မရဲစခန်း (ပ) ၃၉၅/၂၀၁၈ ဖြင့် တရားစွဲတင်ပို့ခဲ့ရာ ငွေကြေး ခဝါချမှုတိုက်ဖျက်ရေးဥပဒေ ၄၃ ဖြင့် ထောင်ဒဏ် (၁)နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပါသည်။

၂၉။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် တရားခံ ထိုင်းနိုင်ငံသား Mr.A ပိုင်ဆိုင်သည့် ဆိုင်ကယ် အပိုပစ္စည်း(၁၀၉)မျိုး(ငွေကျပ် ၁၅၁ သိန်း)၊ BB(၉) အမည်ရှိ စက်လှေ(၁)စီး (ငွေကျပ် ၉၂ သိန်း)၊ စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၂၄၃ သိန်းတို့အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ခဲ့ ပါသည်။

**အသုံးပြုသည့် နည်းပုံစံ**

| စဉ် | နည်းပုံစံ | အမှုမှ လေ့လာတွေ့ရှိချက် |
|---|---|---|

| | | |
|---|---|---|
| ၁။ | အမည်ခံများ၊ ဘဏ္ဍာထိန်းများ၊ မိသားစုဝင် သို့မဟုတ် တတိယအဖွဲ့အစည်းများ အစရှိသည်တို့ကို အသုံးပြုခြင်း | တရားခံသည် တရားမဝင် လူကုန်ကူးရာမှ ရရှိသည့် ငွေကြေးများအား ဇနီးဖြစ်သူ အမည်ဖြင့်လည်းကောင်း။<br>Mr.H အမည်ဖြင့် စက်လှေပိုင်ဆိုင်မှုကို ထိန်းချုပ်ဖုံးကွယ်ထားခြင်း။ |
| ၂။ | ရင်းနှီးမြှုပ်နှံမှုဖြင့် ငွေကြေးခဝါချခြင်း | ဆိုင်ကယ်အပိုပစ္စည်းအရောင်းဆိုင်ဖွင့်လှစ်ခြင်း။<br>စက်လှေ ပိုင်ဆိုင်ခြင်း။ |
| ၃။ | တရားဝင်နှင့် တရားမဝင် ငွေကြေးများ ရောနှောခြင်း (စီးပွားရေး ရင်းနှီးမြှုပ်နှံမှု) | တရားခံ၏ ဒုတိယဇနီးဖြစ်သူ Ms.D နာမည်ဖြင့် ဆိုင်ကယ်အပို ပစ္စည်းဆိုင်အား လူမှောင်ခိုကူးရာမှ ရရှိသော ငွေကြေးများဖြင့် မတည်ရင်းနှီးမြှုပ်နှံပြီး တရားဝင်ဖြစ်စေရန် ပြု လုပ်ခြင်း။ |

**မှုခင်းဖြစ်စဉ်(၉)**

**B-bank Ltd ဥက္ကဋ္ဌ(ဟောင်း) Mr.A**

**၃၀။** B-bank ဘဏ်လီမိတက် ဥက္ကဋ္ဌ(ဟောင်း) Mr.A သည် ၂၀၁၆ ခုနှစ် အတွင်း ဘဏ်လီမိတက် ဥက္ကဋ္ဌ အဖြစ် တာဝန်ထမ်းဆောင်နေစဉ် ၎င်းပိုင်ဆိုင်သော ငွေကျပ်သိန်း ၁,၅၀၀ တန်ဖိုးရှိ ဇမ္ဗူသီရိမြို့နယ်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ မြေကွက်အမှတ်(A-11)၊ ဧရိယာ ၃ ဧကရှိ မြေကွက် အား ယောက်ဖဖြစ်သူ Mr.B ပိုင်ဆိုင်လေဟန်ဖြင့် B-bank ပိုင် ငွေကျပ်သိန်း ၅၀,၅၀ ဖြင့် အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ အဝယ်ပြကာ ဘဏ်ပိုင် ငွေကျပ်သိန်း ၃,၅၅၀ ကို အလွဲ သုံးစားပြုလုပ်၍ ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၁) မြို့မရဲစခန်း(ပ) ၂၄၁/၂၀၂၀၊ ရာဇသတ်ကြီးပုဒ်မ ၄၀၉ ဖြင့် ၂၈-၁၂-၂၀၂၀ ရက်နေ့တွင်လည်းကောင်း၊ ၎င်းသည် ဥက္ကဋ္ဌ အဖြစ် တာဝန်ယူနေစဉ် ကာလအတွင်း ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ မှ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီအထိ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေ သိန်းဆုဌာနခွဲမှ ဖွင့်လှစ်သည့် ၅ လအတွင်း အောင်ဘာလေသိန်းဆု ဆုမဲ ပေါက်သည့် ထီလက်မှတ်(၂၃,၈၁၂) စောင်ကို အမြတ်ပေး၍ ပြန်လည်ဝယ်ယူကာ ၎င်းနှင့်၎င်း၏ဇနီး အမည်ခံကာ စုစုပေါင်း ထီပေါက်ဆုငွေ ကျပ်သန်း ၃,၁၅၂ ကို B-bank ဘဏ်၏ မတည်ရင်းနှီး ငွေတိုးမြှင့်မြှုပ်နှံ ခွင့်ပြုရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ မမှန်မကန်လိမ်လည် တင်ပြအသုံးပြုခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် ဥတ္တရသီရိမြို့နယ်၊ ဘုရားကုန်းမြို့မရဲစခန်း(ပ) ၆၉/၂၀၂၀၊ ရာဇသတ်ကြီးပုဒ်မ ၄၂၀/၄၆၅/ ၄၇၁ ဖြင့် လည်းကောင်း တရားစွဲတင်ပို့ခဲ့ပြီး အမှုအား စစ်ဆေးလျက်ရှိပါသည်။

၃၁။ B-Bank လီမိတက်သည် ဝင်ငွေရလမ်းမဖော်ပြနိုင်ဘဲ အခွန်ထမ်းဆောင်ထားခြင်း မရှိသော ငွေများဖြင့် ဘဏ်၏ မတည်ရင်းနှီးငွေ ပြုလုပ်ခဲ့ပြီး ငွေကြေးခဝါချမှုနှင့် စပ်ဆိုင်မှုများ တွေ့ရှိရသဖြင့် လိုအပ်သလို အရေးယူဆောင်ရွက်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေကြေးဆိုင်ရာစုံစမ်း ထောက်လှမ်းရေးအဖွဲ့သို့ ၁၆-၃-၂၀၂၀ ရက်နေ့တွင် ညှိနှိုင်းအကြောင်းကြားစာ ပေးပို့လာသဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ၂၁-၄-၂၀၂၀ ရက်နေ့တွင် စိစစ်ရေးအဖွဲ့(၂၈/၂၀၂၀)(အခြား) အား ဖွဲ့စည်းစစ်ဆေးဆောင်ရွက်ခဲ့ပါသည်။

၃၂။ စိစစ်ရေးအဖွဲ့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ B-bank ဘဏ်လီမိတက်အုပ်ချုပ်သူရုံး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုး ရေးဦးစီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့မှ အထောက်အထား မှတ်တမ်းစာ ရွက်စာတမ်းများ တောင်းခံရယူခြင်း၊ စိစစ်ခံရသူများနှင့် ပတ်သက်သည့် ငွေစာရင်းများကို မြန်မာ နိုင်ငံတော်ဗဟိုဘဏ်မှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝှမ်းရှိ ဘဏ်များသို့ ဘဏ်စာရင်းများ တောင်းခံ စိစစ်ခြင်း၊ စိစစ်ခံရသူ(၆)ဦးနှင့် ဆက်နွယ်သက်သေ(၅၈)ဦး၊ စုစုပေါင်း(၆၄)ဦး တို့အား စစ်ဆေးမေး မြန်းခြင်း၊ ရွှေ့ပြောင်း/မရွှေ့ပြောင်းနိုင်သော ပစ္စည်းများအား ယာယီသိမ်းဆည်းခြင်း၊ တားမြစ်မိန့် များထုတ်ပြန်၍ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးများထံ လွှဲပြောင်းပေးအပ်ခြင်း၊ ဓာတ်ပုံမှတ်တမ်း ရယူခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

၃၃။ စိစစ်ရေးအဖွဲ့၏ စစ်ဆေးပေါ်ပေါက်ချက်အရ ကာလတန်ဖိုး ငွေကျပ် ၂,၅၁၀ သန်း တန်ဖိုးရှိ နေအိမ်ခြံမြေ(၁၉)ခု၊ ဆန်စက်ဝင်းနှင့်ဆန်စက်(၁)လုံး၊ ဘဏ်ငွေလက်ကျန်ကျပ် ၂၆၆.၃၄ သန်း၊ B-bank ဘဏ်၌ မတည်ရင်းနှီးငွေတိုးမြှင့်ရန် ယာယီအပ်ငွေ ငွေကျပ် သန်း ၅,၀၀၀၊ စုစုပေါင်း တန်ဖိုးကျပ် ၇,၇၇၆.၃၄ သန်းတို့အား ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူနိုင်ရေး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Mr.C ဥက္ကဋ္ဌ အဖြစ် ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ (၃/၂၀၂၁)အား ၂၀-၇-၂၀၂၁ ရက်နေ့တွင် ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါသည်။

၃၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် မူလအမှုမှ အမှုစစ်များနှင့် စိစစ်ရေးအဖွဲ့၏ အတွင်းရေးမှူးအား အသေးစိတ်မေးမြန်းခြင်း၊ လိုအပ်သော စာရွက်စာတမ်းများအား ထပ်မံစစ်ဆေးအတည်ပြုခြင်းနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များ အပြီးသတ် ညှိနှိုင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ငွေကျပ် ၂,၅၁၀ သန်းတန်ဖိုးရှိ နေအိမ်ခြံမြေ(၁၉)ခု၊ မြေကွက်လွတ်(၁၅)ကွက်၊ ဆန်စက်ဝင်းနှင့် ဆန်စက်(၁)လုံး၊ ဘဏ်ငွေစာရင်း(၂၂)ခုရှိ လက်ကျန်ငွေ ကျပ် ၂၆၆.၃၄ သန်း၊ B-bank ဘဏ်ရုံးချုပ် မတည်ရင်းနှီး ငွေတိုးမြှင့်ရန် Sundry Deposit Account (၂)ခုရှိ ယာယီအပ်ငွေ ငွေကျပ် သန်း ၅,၀၀၀၊ စုစုပေါင်း တန်ဖိုးကျပ် ၇,၇၇၆.၃၄ သန်းအား ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၃ အရ အရေးယူ ဆောင်ရွက်သင့်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် စိစစ်ရေးအဖွဲ့(၂၈/၂၀၂၀)မှ အတွင်းရေးမှူး ညွှန် ကြားရေးမှူး Mr.D က တရားလိုပြုလုပ်၍ ၂၁-၉-၂၀၂၁ ရက်နေ့တွင် ဥတ္တရသီရိမြို့နယ် တရား ရုံးသို့

တရားစွဲတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးအမှုအမှတ် ၉၈/၂၀၂၁ဖြင့် အမှုလက်ခံစစ်ဆေး ဆောင်ရွက် လျက်ရှိပါသည်။

## အသုံးပြုသည့် နည်းပုံစံ

| စဉ် | နည်းပုံစံ | အမှုမှ လေ့လာတွေ့ရှိချက် |
|---|---|---|
| ၁။ | အဖိုးတန်ပစ္စည်းများ ဝယ်ယူခြင်း။ | တရားမဝင် ရရှိသည့် ငွေကြေးများအား ဖုံးကွယ်ရန်နှင့် သတင်းပို့စနစ် လိုအပ်ချက်များကို လျော့ချစေလိုသည့်အတွက် အိမ်ခြံမြေနှင့် မြေကွက်များဝယ်ယူခြင်း။ |
| ၂။ | မိသားစုများနှင့်မိသားစုဝင်များကို အသုံးပြုခြင်း။ | တရားမဝင် ငွေကြေးများအား ဖုံးကွယ်ထားရှိရန်အတွက် မိသားစုဝင်အမည်ဖြင့် မြေကွက်များ ဝယ်ယူခြင်း၊ ငွေစာရင်းများဖွင့်လှစ်ခြင်း။ |
| ၃။ | တရားဝင်နှင့် တရားမဝင် ငွေကြေးများ ရောနှောခြင်း(စီးပွားရေးရင်းနှီးမြှပ်နှံမှု) | Mr.A သည် ဆုမဲပေါက်သည့် ထီ လက်မှတ် (၂၃၈၁၂)စောင်ကို အမြတ်ပေး၍ ပြန် လည်ဝယ်ယူကာ ၎င်းနှင့်၎င်း၏ ဇနီးအမည်ခံကာ စုစုပေါင်း ထီပေါက်ဆုငွေ ကျပ်သန်း ၃,၁၅၂ ကို B-bank ဘဏ်၏ မတည်ရင်းနှီးငွေတိုးမြင့် မြှပ်နှံခွင့်ပြုရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြ ခြင်း။ |
| ၄ | မမှန်ကန်သော စာရွက်စာတမ်းအထောက်အထား အသုံးပြုခြင်း | ၎င်းပိုင်ဆိုင်သော ငွေကျပ်သန်း ၁၅၀၀ တန်ဖိုးရှိ မြေကွက်အား ယောက်ဖဖြစ်သူ Mr.B ပိုင်ဆိုင်သယောင်ဖြင့် b-bank ဘဏ်ပိုင်ငွေ ကျပ်သိန်း ၅,၀၅၀ ဖြင့် အရောင်းအဝယ် စာချုပ် ချုပ်ဆို အဝယ်ပြကာ ဘဏ်ပိုင် ငွေကျပ်သိန်း ၃၅၅၀ ကို အလွဲသုံးစားပြုလုပ်ခြင်း။ |

### မှုခင်းဖြစ်စဉ်(၁၀)

### ပင်လည်ဘူးမူးယစ်အမှု

၃၅။ အမှုမှာ ၂၃-၇-၂၀၁၈ ရက်နေ့ ၁၄၀၀ အချိန်ခန့်တွင် ပင်လည်ဘူးမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ပင်လည်ဘူးမြို့မရဲစခန်း(ပ) ၅၈/၂၀၁၈၊ ပို့ကုန်/သွင်းကုန် ဥပဒေပုဒ်မ ၈၊ အမှုမှ တရားခံ Mr.A မောင်းနှင်လာသော သက်သေခံပစ္စည်း **YGN 5F/8191 WISH** အမျိုးအစား အဖြူရောင်ယာဉ်အား

သက်သေများဖြစ်သော ပင်လည်ဘူးမြို့မရပ်ကွက်၊ အုပ်ချုပ်ရေးမှူး Mr.B ၊ မိုးကောင်းရပ်ကွက် ရာအိမ်မှူး Mr.C တို့နှင့်အတူ တရားခံ Mr.A ၏ရှေ့တွင် ၎င်းပိုင်ယာဉ်အား ကားဝပ်ရှော့ဆရာ Mr.D ၏ အကူအညီဖြင့် ယာဉ်ကိုယ်ထည်များအား အသေးစိတ်ရှာဖွေရာ ယာဉ်၏ခေါင်းပိုင်း **Dash board** အံဝှက်အတွင်း ဖြတ်ဆက်မှုလီစုပ်၍ သိုဝှက်ထားသည့် ဘိန်းဖြူများ သိမ်းဆည်းရမိခဲ့သောကြောင့် မယ(ပ) ၉၄/၂၀၁၈၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး များဆိုင်ရာဥပဒေဖြင့် တရားစွဲတင်ပို့ခဲ့ပြီး အလုပ်ကြမ်းနှင့် ထောင်ဒဏ်(၁၄)နှစ်၊ ပို့ကုန်/သွင်းကုန် ဥပဒေ ဖြင့် အလုပ်နှင့် ထောင်ဒဏ်(၆)လ ကျခံစေရန် အမိန့်ချမှတ်ခဲ့သော အမှုဖြစ်ပါသည်။

၃၆။ တရားခံ Mr.A ၏ ပိုင်ဆိုင်မှုများနှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ် ငွေများဖြင့် ဝယ်ယူအသွင်ပြောင်းထားခြင်း ဟုတ်/မဟုတ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အမှုတွဲ လွှဲပြောင်းခဲ့ပါသည်။ ထို့သို့ လွှဲပြောင်းလာမှုအပေါ် တရားမဝင်နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို အသွင် ပြောင်းလဲခြင်း ဟုတ်/မဟုတ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းမှု ရှိ/မရှိ စိစစ်နိုင်ရန် အတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ခွင့်ပြုချက်အရ အထူးစုံစမ်းစစ်ဆေးရေးဦးစီး ဌာနမှ ညွှန်ကြားရေးမှူး Mr.E ခေါင်းဆောင်သော စိစစ်ရေးအဖွဲ့(၄၄/၂၀၁၈)(မယ)အား ၁၈-၉-၂၀၁၈ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။

၃၇။ စိစစ်ရေးအဖွဲ့၏ စိစစ်ပေါ်ပေါက်ချက်အရ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ပြည်ထဲ ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Mr.F ဥက္ကဋ္ဌ အဖြစ်ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ (၂/၂၀၁၉)အား ၂၃-၁-၂၀၁၉ ရက်နေ့၌ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ၃-၆-၂၀၁၉ ရက်နေ့တွင် အမှုဖွင့်အရေးယူရန် ညွှန်ကြားခဲ့၍ ၁၅-၉-၂၀၁၉ ရက်နေ့တွင် တရားစွဲဆိုခွင့်ပြုမိန့် ထုတ်ပေးခဲ့ပြီး ၂၀၁၄ ခုနှစ်၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၄၃ဖြင့် တရားစွဲတင်ပို့ခဲ့ရာ အလုပ်နှင့်ထောင်ဒဏ် (၁)နှစ်ကျခံရန် အမိန့် ချမှတ်ခဲ့ပါသည်။

၃၈။ တရားခံ Mr.A ထံမှ ငွေကြေးခဝါချမှုဖြင့် သိမ်းဆည်းခဲ့သည့် သက်သေခံပစ္စည်းများမှာ ကချင်ပြည်နယ်၊ ဖန်းမော်မြို့၊ နမ်းဖားရပ်ကွက်၊ နန့်ဟွေ့လမ်း၊ ကွင်းအမှတ်(၁၆၈)၊ ဦးပိုင်အမှတ် (၁၂၃/၁)ရေိယာ၊ (၀.၀၁၅၈)ကေနှင့် မြေကွက်ပေါ်ရှိ ဆောက်လုပ်ဆဲ **RC** (၃) ထပ်တိုက်(၁)လုံး၊ ကာလတန်ဖိုးမှာ ကျပ်သိန်း(၁၀၀၀)ခန့်အား ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ခဲ့ပါသည်။

၃၉။ တရားခံMr.A သည် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ မူးယစ်ဆေးဝါးသယ်ဆောင် ရောင်းဝယ် သည့် လုပ်ငန်းစတင်လုပ်ကိုင်ခဲ့ကြောင်း၊ ယင်းကာလနောက်ပိုင်း ဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဖန်းမော် မြို့ရှိ ကွင်းအမှတ် (၁၆၈)၊ ဦးပိုင်အမှတ်(၁၂၃/၁)၊ ဧရိယာ၀.၀၁၅၈ ဧက၊ မြေကွက်(၂)ကွက်နှင့် ယင်း

မြေကွက်ပေါ်ရှိ ဆောက်လုပ်ဆဲ RC သုံးထပ်တိုက်(၁)လုံး၊ စုစုပေါင်းကာလတန်ဖိုး ငွေကျပ်သိန်း (၁၀၀၀၀)ခန့်ရှိကြောင်း၊ ၎င်းမြေကွက်များအတွက် မြေစာရင်းပုံစံ(၁၀၅/၁၀၆)ပုံစံအား မြို့နယ်လယ်မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ လျှောက်ထားရယူခဲ့ကြောင်း၊ ၎င်းသည် ယခင်က မိဘများနှင့်အတူ ပင်လည်ဘူးမြို့တွင်နေထိုင်ကာ နေအိမ်တွင် ကုန်မျိုးစုံဆိုင်ဖွင့်လှစ်ထားကြောင်း၊ နောက်ပိုင်းတွင် ဗန်းမော်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသယ်ဆောင်ကာ ပြစ်မှုကျူးလွန်ရာမှရရှိသော ငွေကြေးအကျိုးအမြတ်များ ရရှိကြောင်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများဖြစ်သည့် မြေကွက်နှင့် RC သုံးထပ်တိုက်(၁)လုံးအား ဝယ်ယူခဲ့ကြောင်း၊ အရေးယူဆောင်ရွက်ခြင်း မခံရစေရန် ဖုံးကွယ်ခြင်း၊ အသွင်ပြောင်းလဲခြင်းတို့ ပြုလုပ်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပါသည်။

**အသုံးပြုသည့် နည်းပုံစံ**

| စဉ် | နည်းပုံစံ | အမှုမှ လေ့လာတွေ့ရှိချက် |
|---|---|---|
| ၁။ | အဖိုးတန်ပစ္စည်းများဝယ်ယူခြင်း (အိမ်ခြံမြေ) | တရားခံသည် မူးယစ်ဆေးဝါးသယ်ဆောင်ရာမှ ရရှိသည့် အကျိုးအမြတ်များဖြင့် ဗန်းမော်မြို့တွင် မြေကွက်၊ RC တိုက်(၁)လုံးအား ဝယ်ယူပြီး တရားဝင် ဖြစ်စေရန် ပြုလုပ်ခြင်း။ |
| ၂။ | တရားဝင်နှင့် တရားမဝင် ငွေကြေးများကို ရောနှောခြင်း (ရင်းနှီးမြှုပ်နှံမှုဖြင့် ငွေကြေး ခဝါချခြင်း) | မူးယစ်ဆေးဝါးရောင်းချရာမှ ရရှိသည့် ငွေကြေးများ၏ မူလဇစ်မြစ်များကို ဖုံးကွယ်ရန်အတွက် တရားဝင် စီးပွားရေးမှရရှိသော ငွေကြေးနှင့် ပစ္စည်းများနှင့် ရောနှောထားခြင်း။ |

**မှုခင်းဖြစ်စဉ်(၁၁)**
**Mr.A (မူးယစ်မှု)**
၄၀။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ ရတနာပုံစစ်ဆင်ရေး(၃)စီမံချက်အရ ၂၆-၄-၂၀၁၆ရက်နေ့ ၂၃၀၀ အချိန်ခန့်တွင် မူးယစ်တပ်ဖွဲ့စု(၂၅)မှ ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ (၇)မိုင်ခန့်အကွာ ပြည်ထောင်စုကားလမ်းမကြီးပေါ်တွင် ယာဉ်များအား ပိတ်ဆို့ရှာဖွေမှုများ ဆောင် ရွက်နေစဉ် ကလေးမြို့ဘက်မှ သာစည်မြို့ဘက်သို့ Mr.A မောင်းနှင်ပြီး ယာဉ်ရှေ့ခန်း တွင် Ms.B နှင့် ယာဉ်နောက်ခန်းတွင် Mr.C တို့ လိုက်ပါလာသော **YGN 4H/8267 TOYOTA RACTIS** မိုးပြာရောင် ယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ ယာဉ်နောက်ခန်းအတွင်းမှ အဝါရောင် ဆာလာအိတ်အတွင်း အဝါရောင်တိပ်ဖြင့် ပတ်လျက် မိုင်းခံစက္ကူဖြင့် ထုတ်ပိုးထားသော **WY** စာတန်းပါ စိတ်ကြွရူးသွပ် ဆေးပြား စုစုပေါင်း(၁၀)သိန်းအား ရှာဖွေတွေ့ရှိသဖြင့် မူးယစ်ဆေးဝါး များအား ရောင်းချသုံးစွဲရန် အလို့ငှာ သယ်ဆောင်လာသူ Mr.A ပါ(၆)ဦး တို့အား ကလေးမြို့မရဲစခန်း မယ(ပ) ၁၇/၂၀၁၆၊

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉/၂၁၊ ကျင့်-၁၅၂ ဖြင့် အရေးယူဆောင်ရွက်ခဲ့ပြီး တရားစွဲတင်ပို့ခဲ့ရာ တရားခံ Mr.A နှင့် Ms.B တို့အပေါ် မူးယစ်ဆေးဝါး ဥပဒေပုဒ်မ ၁၉(က)အရ အလုပ်နှင့်ထောင်ဒဏ် (၂၅)နှစ်စီ ကျခံစေပြီး တရားခံပြေး Mr.D နှင့် Mr.E တို့အား ရာဇဝတ်ကျင့်ထုံး ဥပဒေ ၈၇/၈၈ ဝရမ်းထုတ်ဆင့်ထားသည့် အမှုဖြစ်ပါသည်။

၄၁။ ကလောမြို့မရဲစခန်းမယ(ပ)၁၇/၂၀၁၆၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါး များဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ အမှုမှ ပြစ်ဒဏ်ကျတရားခံ Mr.A ကိုယ်စား Ms.E (တရားခံပြေး)က တရားခံ Mr.F (ဖမ်းမိ)အမည်ဖြင့် တောင်ကြီးမြို့၊ ကမ္ဘောဇဘဏ် ခွဲ(၃)မှ **WY** စိတ်ကြွရူးသွပ်ဆေးပြား (၁၀)သိန်းအတွက် အဆိုပါ ကျပ်သိန်း (၁၁၀၀)အား နိုင်ငံ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းနိုင်ရေး ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ ဆက်လက်အရေးယူဆောင် ရွက်နိုင်ရန် အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အမှုတွဲ လွှဲပြောင်းလာမှုအပေါ် တရားမဝင်နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို အသွင်ပြောင်းထားခြင်း ဟုတ်/မဟုတ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေနှင့် ငြိစွန်းခြင်း ရှိ/မရှိ စိစစ်နိုင်ရန် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး Mr.G ခေါင်းဆောင်သော စိစစ်ရေးအဖွဲ့(၁၁/၂၀၁၈)(မယ)အား ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးခဲ့သော အမှုဖြစ်ပါသည်။

၄၂။ စိစစ်ရေးအဖွဲ့၏ စိစစ်ပေါ်ပေါက်ချက်အရ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ပြည်ထဲ ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Mr.H ခေါင်းဆောင်အဖြစ် ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ (၈/၂၀၁၈)အား ၉-၈-၂၀၂၁ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ၁၈-၁-၂၀၂၁ ရက်နေ့တွင် တရားစွဲ ဆိုခွင့်ပြုမိန့် ထုတ်ပေး ခဲ့ပြီး ၂၀၁၄ ခုနှစ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ၄၃၊ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ-၅၁၂ ဖြင့် ၇-၅-၂၀၂၀ ရက်နေ့တွင် တရားစွဲတင်ပို့ခဲ့ရာ ၂၀၁၄ ခုနှစ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၄၃ အရ အလုပ်နှင့် ထောင်ဒဏ်(၂)နှစ် ကျခံစေရန် အမိန့်ချခဲ့ပါသည်။

၄၃။ ငွေကြေးခဝါချမှုဖြင့် သိမ်းဆည်းခဲ့သည့် သက်သေခံပစ္စည်းများဖြစ်သည် တောင်ကြီးမြို့၊ ကမ္ဘောဇဘဏ်ခွဲ(၃)ရှိ Mr.F အမည်ဖြင့် လွှဲအပ်ထားသည့် ထုတ်ယူခွင့် တားမြစ်ထားသော ငွေကျပ် သိန်း(၁၁၀၀)နှင့် ယင်းငွေများမှရရှိမည့် အတိုးငွေများ၊ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ ပန်းနေကြာလမ်း၊ အမှတ်(၇/၃၁) ၊ ဦးပိုင်အမှတ်(၁၂၀)၊ ဧရိယာ(၀.၀၇၈၀)ဧက ပေါ်တွင် ဆောက်လုပ် ထားသည့် (၄၄x၂၈)ပေ(၁)ထပ်နံကပ်၊ သွပ်မိုး၊ အုတ်ကာ၊ အဆောက်အအုံ(၁)လုံး တို့အား ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ပါသည်။

၄၄။ အမှုမှ တရားခံ Mr.A သည် ပဲခူးမြို့တွင် ဆိုင်ကယ် အရောင်းအဝယ်လုပ်ကိုင်ကြောင်း၊ ပဲခူးမြို့နေ ဆိုင်ကယ်ပြင်ဆိုင်လုပ်ကိုင်သူ Mr.Iနှင့်ခင်မင်ပြီး ဆေးပြားများအား ၎င်းထံမှ တစ်ဆင့် ဝယ်ယူရောင်းချခဲ့ကြောင်း၊ Mr.Iမှ စိတ်ကြွဆေးပြား ဆက်လက်ရောင်းချရန် တောင်ကြီးမြို့ရှိ Ms.E အမည်နှင့် ဖုန်းနံပါတ်အား ချိတ်ဆက်ပေး၍ ဆက်သွယ်ခဲ့ကြောင်း၊ Mr.Eနှင့် တောင်ကြီးမြို့တွင် တွေ့ဆုံကာ ပထမအကြိမ် စိတ်ကြွဆေးပြား(၂)သိန်းပြား ဝယ်ယူခဲ့ပြီး မြဝတီမြို့နေ Mr.J ဆိုသူထံ (၁၈၀၀၀၀)ပြားအား ငွေကျပ်သိန်း(၁၃၅၀)ဖြင့် ရောင်းချခဲ့ကြောင်း၊ ဒုတိယအကြိမ် Ms.E ထံမှ စိတ်ကြွဆေးပြား(၂)သိန်းဖြင့် ထပ်မံဝယ်ယူခဲ့ပြီး Mr.j ဆိုသူထံ (၁၉၀၀၀၀)ပြားအား ငွေကျပ်သိန်း (၁၄၂၅)သိန်းဖြင့် ရောင်းချခဲ့ကြောင်း၊ ထို့နောက် စိတ်ကြွရူးသွပ်ဆေးပြား ဝယ်ယူရန်အတွက် Ms.E ထံ

ဖုန်းဖြင့်ဆက်သွယ်ခဲ့ရာ တောင်ကြီးမြို့သို့ လာယူရမည်ဖြစ်ကြောင်း၊ တောင်ကြီးမြို့သို့ သူငယ်ချင်းဖြစ်သူ Mr.C နှင့် ရည်းစားဖြစ်သူ Ms.B အား လိုက်ရန်ခေါ်ခဲ့ပြီး တောင်ကြီးမြို့သို့ သွားရောက်ခဲ့ကြောင်း၊ ၂၃-၆-၂၀၁၆ ရက်နေ့တွင် Ms.E မှ ငွေလွှဲပေးရမည်ဟု ပြောပြီး Mr.F အမည်ဖြင့်ငွေလွှဲပေးရန် လိပ်စာပေးခဲ့ကြောင်း၊ ၎င်း၏ အမျိုးတော်သူ ပဲခူးမြို့မှ Mr.k အမည်ဖြင့် တောင်ကြီးမြို့၊ ကမ္ဘောဇဘဏ်ခွဲ(၃)သို့ ငွေကျပ်သိန်း(၁၁၀၀)လွှဲခဲ့ကြောင်း၊ ထို့နောက် မူးယစ်တရားခံပြေး Ms.E သည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးရောင်းချရာမှ ငွေကြေးများရရှိခဲ့ကြောင်း၊ ၎င်းပိုင်ဆိုင်သည့် တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ ပန်းနေကြာလမ်း၊ အမှတ်(၇၁/၃၁) ဦးပိုင် အမှတ်(၁၂၁)၊ ဧရိယာ(၀.၀၇၈) ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ(၁)လုံးရှိ ကြောင်း၊ (ကာလတန်ဖိုးကျပ် ၁၆၈.၆ သိန်း) ရှိကြောင်း၊ ပိုင်ရှင်အမည်အား ၎င်း၏ သမီး(၂)ဦး အမည်ဖြင့်ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ မထမပုဂ္ဂလိကဘဏ်ခွဲ (၁၉)၌ ၎င်းအမည်ဖြင့် ငွေစာရင်းဖွင့်လှစ်ထားပြီးငွေလက်ကျန် (၅၀,၇၁၀,၀၀၄.၁၁)ကျပ်ရှိကြောင်း၊ တရားခံပြေး Mr.D အမည်ဖြင့် ပဲခူးမြို့၊ ကမ္ဘောဇဘဏ်၌ ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ်ရှိ လက်ကျန်ငွေကျပ် (၅,၉၁၉,၃၆၀.၀၄)ရှိကြောင်း၊ ၎င်းတို့သည် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသော ငွေကြေးနှင့်ပစ္စည်းများကို တရားဝင်အဖြစ်သို့ ရောက်ရှိစေရန် ဖုံးကွယ်ခြင်း၊ ပြောင်းလဲခြင်း၊ အသွင်ပြောင်းလဲခြင်းများ လုပ်ဆောင်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

**အသုံးပြုသည့် နည်းပုံစံ**

| စဉ် | နည်းပုံစံ | အမှုမှ လေ့လာတွေ့ရှိချက် |
|---|---|---|
| ၁။ | အဖိုးတန်ပစ္စည်းများ ဝယ်ယူခြင်း(အိမ်၊ ခြံ၊ မြေ) | တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ ပန်းနေကြာလမ်းရှိ မြေကွက်ပေါ်တွင် နေအိမ် အဆောက်အအုံ ဝယ်ယူပိုင်ဆိုင်ထားခြင်း။ |
| ၂။ | ရင်းနှီးမြှုပ်နှံမှုဖြင့် ငွေကြေးခဝါချခြင်း | တောင်ကြီးမြို့၊ ကမ္ဘောဇဘဏ်တွင် ဖွင့်လှစ်အပ်နှံခြင်း။ |
| ၃။ | အမည်ခံများ၊ ဘဏ္ဍာထိန်းများ၊ မိသားစုဝင်သို့မဟုတ် တတိယအဖွဲ့အစည်းများ အစရှိသည်တို့ကို အသုံးပြုခြင်း | ပြစ်မှုကျူးလွန်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များဖြင့် မြေကွက်၊ နေအိမ် တို့ကို ဝယ်ယူပြီး တခြားသူအမည်ဖြင့် တရားဝင်ဖြစ်စေရန် ဖုံးကွယ်ခြင်း |

**မှုခင်းဖြစ်စဉ်(၁၂)**

**တရုတ်ယောကျ်ားနှင့်အမွေ လက်ထပ် ထိမ်းမြားရန် ရောင်းစားခဲ့သည့်အတွက် တရားခံ Ms.A နှင့် Mr.B အမှု**

၄၅။ ပျဉ်းမနားမြို့နယ်၊ တပ်ပိုးရပ်ကွက်၊ စိုက်သိပ္ပံ(၁)လမ်း၊ အမှတ် (၁/၃၁)နေ Ms.C ၊ (သ)၂၃ နှစ်၊ (ဘ) ဦးမောင်မောင်အေးအား ပြင်ဦးလွင်မြို့နယ်၊ ရွာသစ်ရွာ၊ ကျူးကျော်ရပ် ကွက်နေ Ms.A ၊(သ)

၄၇နှစ်၊ (ဘ)ဦးသန်းလှိုင်၊ ပျဉ်းမနားမြို့နယ်၊ မြို့လယ်ချောင်းကျောင်းတိုက်နေ Mr.B ၊ (သ)၂၄နှစ်၊ (ဘ)ဦးမြင့်ရွှေ၊ သာသနာစိစစ်ရေးကတ်အမှတ် ၁၂/ သကတ(သ)၀၀၂၆၀၉ နှင့် ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ကံတောက်ရွာနေ Mr.D (စိစစ်ဆဲ)တို့မှ ပူးပေါင်းကာ ပြင်ဦးလွင်မြို့ရှိ Ms.A ၏ အထည်ဆိုင်တွင် အလုပ်လုပ်ရမည်ဟု စည်းရုံး၍ ၂၀၁၇ ခုနှစ်မတ်လတွင် တရုတ်နိုင်ငံသို့ ခေါ်ဆောင်သွားပြီး တရုတ်ယောကျာ်းနှင့် အမွေလက်ထပ်ထိမ်းမြားရန် ရောင်းစားခဲ့သည့်အတွက် ပျဉ်းမနားမြို့မရဲစခန်း(ပ)၅၀၂/၂၀၁၇၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ၂၄ ဖြင့် တရားစွဲတင်ပို့ရာ တရားခံ Ms.A နှင့် Mr.B တို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဖြင့် ထောင်ဒဏ်နှစ်(၄၀) ပြစ်ဒဏ်ချခဲ့သော အမှုဖြစ်ပါသည်။

၄၆။ အမှုမှ တရားခံ Ms.A ၊ Mr.B နှင့် Mr.D တို့ပိုင်ဆိုင်သည့် မော်တော်ယာဉ်(၁)စီးနှင့် ရွှေထည်ပစ္စည်း(၅)မျိုးတို့အား တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေ၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေတို့အရ အရေးယူနိုင်ရေးကိစ္စနှင့်ပတ်သက်၍ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တင်ပြမှုအပေါ် လူကုန်ကူးမှု ကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို အသွင်ပြောင်းလဲထားခြင်း ဟုတ်/မဟုတ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းမှု ရှိ/မရှိ စိစစ်နိုင်ရန် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ခွင့်ပြုချက်အရ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ၁၄-၁၂-၂၀၁၇ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး Mr.E ခေါင်းဆောင်သော စိစစ်ရေးအဖွဲ့(၄၈/၂၀၁၇)(လကတ)အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ယင်းအဖွဲ့ စိစစ်ပေါ်ပေါက်ချက်အရ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Mr.F ခေါင်းဆောင်အဖြစ် ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ (၆/၂၀၁၈) အား ၂၅-၄-၂၀၁၈ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ၄-၁၂-၂၀၁၈ ရက်နေ့တွင် အမှုဖွင့်အရေးယူခဲ့ပြီး တရားစွဲ တင်ပို့ခဲ့ရာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ တရားခံ(၂)ဦးအား ထောင်ဒဏ်(၂)နှစ်စီ ချမှတ်ခဲ့ပါသည်။

၄၇။ တရားခံ Ms.A နှင့် Mr.B တို့၏ ပိုင်ဆိုင်သည့် ပစ္စည်းများဖြစ်သည့် ကမ္ဘောဇဘဏ်ခွဲ၊ ငွေစာရင်းဘဏ်အမှတ် **03930103900779401** ရှိ ငွေကျပ်သိန်း(၁၁၅)၊ ကမ္ဘောဇဘဏ်ခွဲ(၁)၊ **ATM** ကတ်အမှတ် **99930706500692401** ရှိ ငွေကျပ် ၂၃,၃၀၄.၁၀ တို့နှင့် ဘဏ်တိုးငွေများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ခဲ့ပါသည်။

၄၈။ တရားခံ Ms.A ၊ Mr.B နှင့် Mr.D သည် ပျဉ်းမနားမြို့နယ်၊ ကင်ပွန်းတန်းအုပ်စု၊ တပ်ပိုးကျေးရွာ၊ စိုက်သိပ္ပံ(၁)လမ်း၊ အမှတ် (၁/၃၁)နေ Ms.C အား ပြင်ဦးလွင်မြို့တွင် အလုပ်လုပ်ရမည်ဟု စည်းရုံး၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့ကြောင်း၊ ၎င်းသည် ပြစ်မှုကျူးလွန်ရာမှ ရရှိသော ငွေကြေးများဖြင့် မော်တော်ယာဉ်(၁)စီး၊ ရွှေလက်ဝတ်တန်ဆာများဝယ်ယူခဲ့ကြောင်း၊ တရားမဝင်လူကုန်ကူးမှုမှရရှိသည့် ငွေများဖြင့် ပြင်ဦးလွင်မြို့၊ ကမ္ဘောဇဘဏ်(၁)၌ ငွေစုဘဏ်စာရင်း ဖွင့်လှစ်ထားကြောင်း၊ Mr.B အမည်ဖြင့် **ATM** ကတ်များ အပ်နှံထားကြောင်း စိစစ်တွေ့ရှိရသဖြင့် ၎င်းတို့သည် လူကုန်ကူးမှု ပြစ်မှုကျူးလွန်ရာမှ ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများအား တရားဝင် အဖြစ်သို့ ရောက်ရှိစေရန်အတွက် ဖုံးကွယ်ခြင်း၊ ပြောင်းလဲခြင်း၊ အသွင်ပြောင်းလဲခြင်းများ လုပ်ဆောင်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

**အသုံးပြုသည့် နည်းပုံစံ**

| စဉ် | နည်းပုံစံ | အမှုမှ လေ့လာတွေ့ရှိချက် |
|---|---|---|
| ၁။ | သေးငယ်ပြီး တန်ဖိုးကြီးသည့် ပစ္စည်းများ ဝယ်ယူခြင်း(ကျောက်မျက်ရတနာ) အဖိုးတန်ပစ္စည်းများ ဝယ်ယူခြင်း | မော်တော်ယာဉ်၊ ရွှေလက်ဝတ်တန်ဆာများ ဝယ်ယူခြင်း။ |
| ၂။ | ရင်းနှီးမြှုပ်နှံမှုဖြင့် ငွေကြေးခဝါချခြင်း | တရားမဝင်ငွေကြေးများအား ဘဏ်စာရင်း ဖွင့်လှစ်အပ်နှံထားခြင်း။<br>မော်တော်ယာဉ်၊ ရွှေလက်ဝတ်တန်ဆာ ဝယ်ယူမြှုပ်နှံခြင်း။ |
| ၃။ | တရားဝင်နှင့် တရားမဝင် ငွေကြေးများကို ရောနှောခြင်း | လူကုန်ကူးမှုမှ ရရှိသည့် အကျိုးအမြတ်များကို တရားဝင်ဖြစ်စေရန် ဘဏ်များ၌ ဘဏ်စာရင်းများဖွင့်လှစ်၍ တရားဝင် ငွေကြေးဖြစ်စေရန် ပြုလုပ်ခြင်း။ |

**အမှုဖြစ်စဉ် (၁၃)**

**Mr.A (မူးယစ်အမှု)**

၄၉။ ကလောမြို့မရဲစခန်း မယ(ပ)၇၀/၂၀၁၇၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်း လဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ အမှုနှင့် တောင်ကုတ်မြို့မရဲစခန်း မယ(ပ)၃/၂၀၁၇၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၁၅/၁၉(က)/၂၁ အမှုတို့မှ ဖမ်းမိတရားခံ Mr.A ၊ Mr.B နှင့် ကွင်းဆက်တရားခံ ၁၁ ဦးတို့အနက် ဖမ်းမိတရားခံ Mr.A ၊ ကွင်းဆက်တရားခံ ၄ ဦးတို့ အမည်ဖြင့် ဖွင့်လှစ်ထားသည့် ပြည်တွင်းဘဏ်(၄)ခုရှိ ဘဏ်ငွေစာရင်းများနှင့် ၎င်းတို့၏ပိုင်ဆိုင်မှုများအား ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ ဆက်လက်အရေးယူရန် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အမှုတွဲ လွှဲပြောင်းခဲ့ပါသည်။ ထိုသို့လွှဲပြောင်းခဲ့မှုအပေါ် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို အသွင်ပြောင်းလဲထားခြင်း ဟုတ်/မဟုတ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေနှင့်ငြိစွန်းခြင်း ရှိ/မရှိ စိစစ်ရန်အတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ခွင့်ပြုချက်အရ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး Mr.E ခေါင်းဆောင်သော စိစစ်ရေးအဖွဲ့(၁၃/၂၀၁၈)(မယ)အား ၂၆-၂-၂၀၁၈ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ယင်းအဖွဲ့၏ သုံးသပ်တင်ပြချက်အရ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Mr.F ဥက္ကဋ္ဌအဖြစ် ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့(၁၀/၂၀၁၈)အား ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့သော အမှုဖြစ်ပါသည်။

၅၀။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးပေါ်ပေါက်ချက်အရ ၂၁-၃-၂၀၁၉ ရက်နေ့တွင် အမှုဖွင့် အရေးယူရန် ညွှန်ကြားခဲ့ပြီး ၁၂-၈-၂၀၁၉ ရက်နေ့တွင်

တရားစွဲဆိုခွင့်ပြုမိန့် ထုတ်ပေးခဲ့ပြီး မူးယစ်တရားခံ Mr.A အပေါ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး Mr.G က တရားလိုပြုလုပ်၍ ၈-၁-၂၀၂၀ ရက်နေ့၌ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့မရဲစခန်း (ပ)၁၁/၂၀၂၀၊ ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၄၃ ဖြင့် အမှုဖွင့်လှစ်ပြီး ၉-၁-၂၀၂၀ ရက်နေ့တွင် ပုဇွန်တောင် မြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် ၁၄/၂၀၂၀ ဖြင့် လက်ခံ စစ်ဆေးခဲ့ပါ သည်။

၅၁။ ငွေကြေးခဝါချမှုဖြင့် သိမ်းဆည်းခဲ့သည့် သက်သေခံပစ္စည်းများဖြစ်သည် ရန်ကုန်မြို့၊ ရောဝတီဘဏ်၊ သမဝါယမဘဏ်၊ ကမ္ဘောဇဘဏ်တို့ရှိ ဘဏ်ငွေစာရင်း(၆)ခု မှ စုစုပေါင်း ဘဏ်လက်ကျန်ငွေကျပ် ၆၁၈,၆၄၉.၁၉ နှင့် ဘဏ်အတိုးငွေများ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၂) ရပ်ကွက်၊ (၅၆)လမ်း၊ တိုက်(၅၆)၊ အခန်းအမှတ်(၄-D)တိုက်ခန်း(၁)ခန်းတို့အား အယူခံ/ ပြင်ဆင်ရက် ဖြစ်သည့် ၂၈-၂-၂၀၂၁ နေ့ရက် ကျော်လွန်ပါက ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် ၂၈-၁၂-၂၀၂၀ ရက်နေ့၌ အမိန့်ချမှတ်ခဲ့ပါသည်။

**အသုံးပြုသည့် နည်းပုံစံ**

| စဉ် | နည်းပုံစံ | အမှုမှ လေ့လာတွေ့ရှိချက် |
|---|---|---|
| ၁။ | အဖိုးတန်ပစ္စည်းများ ဝယ်ယူခြင်း(အိမ်၊ ခြံ၊ မြေ) | **ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ တိုက်ခန်း** ဝယ်ယူ ပိုင်ဆိုင်ထားခြင်း။ |
| ၂။ | ရင်းနှီးမြှုပ်နှံမှုဖြင့် ငွေကြေးခဝါချခြင်း | တရားမဝင်ငွေကြေးများအား ဘဏ်စာရင်း ဖွင့်လှစ်အပ်နှံထားခြင်း။ |
| ၃။ | တရားဝင်နှင့် တရားမဝင်ငွေကြေးများကို ရောနှောခြင်း | တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်ရာမှ ရရှိသည့် အကျိုးအမြတ်များကို တရားဝင်ဖြစ်စေရန် ဘဏ်များ၌ ဘဏ်စာရင်း များဖွင့်လှစ်၍ တရားဝင် ငွေကြေးဖြစ်စေရန်ပြု လုပ်ခြင်း/ လွှဲပြောင်းခြင်း။ |

**အမှုဖြစ်စဉ် (၁၄)**

**ရှမ်းပြည်နယ် တာချီလိတ် Mr.A ပါ(၁၃)ဦး မူးယစ်အမှု**

၅၂။ ရှမ်းပြည်နယ်၊ တာချီလိတ်မြို့မရဲစခန်း၊ မယ(ပ)၁၀၈/၂၀၁၆၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၁၅/၁၆(ခ)/၁၉(က)/၂၁ အမှုမှ တရားခံ Mr.A ပါ(၁၃)ဦးတို့ ပိုင်ဆိုင်သည့် တာချီလိတ်မြို့၊ တောင်ကြီးမြို့တို့ရှိ မြေနှင့်အဆောက်အဦတို့သည် မူးယစ်ဆေးဝါးရောင်းချရသော အကျိုးအမြတ်များအား အသွင်ပြောင်းလဲ ထားခြင်းဖြစ်ကြောင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အမှုတွဲလွှဲပြောင်းမှု အပေါ် တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို အသွင်ပြောင်းလဲထားခြင်း ဟုတ်/ မဟုတ်၊ ငွေကြေးခဝါချမှု

တိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းမှု ရှိ/မရှိ စိစစ်ရန်အတွက် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ၃-၈-၂၀၁၇ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး Mr.E ခေါင်းဆောင်သော စိစစ်ရေးအဖွဲ့(၃၁/၂၀၁၇)(မယ)အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သော အမှုဖြစ်ပါသည်။ ယင်းအဖွဲ့၏ သုံးသပ်တင်ပြချက်အရ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Mr.F ဥက္ကဋ္ဌအဖြစ်ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ (၇/၂၀၁၇)အား ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သော အမှုဖြစ် ပါသည်။

၅၃။ စိစစ်ရေးအဖွဲ့မှ ရာဇဝတ်ပြစ်မှုကြီးအမှတ် ၁၈၁/၂၀၁၈၊ ၂၀၀၂ ခုနှစ် တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေပုဒ်မ ၂၂ အရ မှုးယစ် တရားခံ Mr.A သည် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် ထောင်ဒဏ် (၁၀)နှစ် ကျခံစေရန်အမိန့်ချမှတ်ခဲ့ပါသည်။

၅၄။ ငွေကြေးခဝါချမှုဖြင့် သိမ်းဆည်းခဲ့သည့် သက်သေခံပစ္စည်းများဖြစ်သည် တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ ဝမ်မိုင်(တာဝေး)မီးစက်အနီး မြို့မြေအမျိုးအစား (၀.၄၁၇)ဧကမြေနှင့် ယင်းပေါ်ရှိ အာရ်စီနှစ်ထပ် အဆောက်အအုံ(၁)လုံး(ကာလတန်ဖိုး၃၄၃၁ သိန်း)၊ ယင်းမြေနှင့် အိမ်အား လေလံတင်ရောင်းချပါက ရောင်းချရငွေများအနက်မှ ကမ္ဘောဇဘဏ်သို့ ပေးချေရန်ရှိသည့် ငွေများထုတ်နုတ်ပေးဆပ်၍ ကျန်ငွေများ၊ မိုင်းကိုးကျေးရွာအုပ်စု၊ မယ်ညီးကျေးရွာ၊ (၁၃.၄၀)ဧက မြေနှင့် ယင်းမြေပေါ်ရှိ အာရ်စီတစ်ထပ်တိုက် အဆောက်အအုံ(၁)လုံး (ကာလတန်ဖိုး ၂၉၈ သိန်း)အား လည်း ကောင်း၊ တောင်ကြီးမြို့နယ်၊ ညိုမီးကျေးရွာအနီး(၀.၁၆၈)ဧက မြေကွက်(၃)ကွက် (ကာလတန်ဖိုး ၉၉) သိန်း၊ စုစုပေါင်း ကာလတန်ဖိုး ၃၈၂၈ သိန်းအား လည်းကောင်း၊ ရာဇသတ်ပြစ်မှုကြီးအမှတ် ၁၈၂/၂၀၁၈၊ ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၃ အရ မှုးယစ်တရားခံ Mr.A သည် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် ထောင်ဒဏ်(၇)နှစ် ကျခံစေရန်နှင့် သက်သေခံပစ္စည်းဖြစ်သည့် ကမ္ဘောဇဘဏ်၊ တာချီလိတ်ဘဏ်ခွဲ(၂) ငွေစာရင်းအမှတ် 1003010210 3829001 ရှိ ငွေကျပ် ၂၃၉,၉၆၁.၀၇အား လည်းကောင်း အယူခံ/ပြင်ဆင်ရက် ကျော်လွန်ပါက ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် ၁၄-၈-၂၀၁၉ ရက်နေ့၌ အမိန့်ချမှတ်ခဲ့ပါသည်။

**အသုံးပြုသည့် နည်းပုံစံ**

| စဉ် | နည်းပုံစံ | အမှုမှ လေ့လာတွေ့ရှိချက် |
|---|---|---|
| ၁။ | အဖိုးတန်ပစ္စည်းများ ဝယ်ယူခြင်း(အိမ်၊ ခြံ၊ မြေ) | **တာချီလိတ်မြို့၊ မြေကွက်၊ နေအိမ်၊ အဆောက်အအုံ၊** ဝယ်ယူပိုင်ဆိုင်ထားခြင်း။ |
| ၂။ | ရင်းနှီးမြှုပ်နှံမှုဖြင့် ငွေကြေးခဝါချခြင်း | တရားမဝင်ငွေကြေးများအား ဘဏ်စာရင်းဖွင့်လှစ် အပ်နှံထားခြင်း၊ |

| | | |
|---|---|---|
| ၃။ | တရားဝင်နှင့် တရားမဝင် ငွေကြေးများကို ရောနှောခြင်း | မူးယစ်တရားခံ Mr.A သည် တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်ရာမှ ရရှိသည့် အကျိုးအမြတ်များကို တရားဝင်ဖြစ်စေရန် မြေကွက်၊နေအိမ်၊ အဆောက်အအုံ၊ ဘဏ်ငွေစာရင်းဖွင့်လှစ်အပ်နှံ ပြောင်းလဲပြီး တရားဝင် ငွေကြေးဖြစ်စေရန် ပြုလုပ်ခြင်း။ |

**အမှုဖြစ်စဉ် (၁၅)**

**Mr.A ပါ(၃)ဦး၊ သာစည် မူးယစ်အမှု**

၅၅။ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့မရဲစခန်း မယ(ပ)၁၇/၂၀၁၆၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉(က)/၂၀(က)/၂၁ အမှုမှ မူးယစ်တရားခံ Mr.A ပါ (၃)ဦး၏ ပိုင်ဆိုင်မှုများဖြစ်သည့် တာချီလိတ်မြို့ရှိ နေအိမ်အဆောက်အဦ၊ သရက်ခြံနှင့် ရှန်တစ်ကုမ္ပဏီလီမိတက် တို့သည် မူးယစ်ဆေးဝါး ရောင်းချရာမှ တရားမဝင်သောနည်းလမ်းဖြင့် ရရှိထားသော ငွေကြေးနှင့်ပစ္စည်းများကို အသွင်ပြောင်းလဲထားခြင်း ဟုတ်/မဟုတ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းမှု ရှိ/မရှိ စိစစ်နိုင်ရန်အတွက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး Mr.E ခေါင်းဆောင်သည့် စိစစ်ရေးအဖွဲ့ (၇၅/၂၀၁၆) (မယ) အား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ယင်းအဖွဲ့၏သုံးသပ်တင်ပြချက် အရ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Mr.F ဥက္ကဋ္ဌအဖြစ်ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ (၂/၂၀၁၇) အား ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ဖွဲ့စည်း တာဝန်ပေးအပ် သောအမှုဖြစ်ပါသည်။

၅၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စိစစ်ပေါ်ပေါက်ချက် အရ တရားခံ Mr.A အပေါ် ၂၀၀၂ ခုနှစ်၊ တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေး နှင့်ပစ္စည်းများထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၂၂ နှင့် ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက် ရေးဥပဒေပုဒ်မ ၄၃ တို့ဖြင့် အမှုဖွင့်အရေး ယူရန် စိစစ်ရေးအဖွဲ့ ခေါင်းဆောင်ထံ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ၂၆-၁၂-၂၀၁၇ ရက် နေ့တွင် ညွှန်ကြားခဲ့ပြီး ၁၂-၃-၂၀၁၈ နေ့တွင် တရားစွဲဆိုခွင့်ပြုမိန့်ထုတ်ပေးခဲ့ပါသည်။

၅၇။ တရားခံ Mr.A အား ၂၇-၄-၂၀၁၈ ရက်နေ့တွင် တာချီလိတ် မြို့မရဲစခန်း၌ (ပ)၁၃၁/၂၀၁၈၊ ၂၀၀၂ ခုနှစ်၊ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေးဥပဒေပုဒ်မ ၂၂ အရ လည်းကောင်း၊ (ပ)၁၃၂/၂၀၁၈၊ ၂၀၁၄ ခုနှစ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၄၃ အရလည်းကောင်း အမှုဖွင့်ပြီး ယင်းနေ့တွင် တာချီလိတ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားရုံးမှ ရာဇဝတ်ကြီးအမှုအမှတ် ၅၆/၂၀၁၈ နှင့် ၅၇/၂၀၁၈ တို့ဖြင့် လက်ခံ၍ တာချီလိတ်ခရိုင် တရားရုံးမှ

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၃ အရ အလုပ်နှင့် ထောင်ဒဏ်(၅)နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပါသည်။

၅၈။ ငွေကြေးခဝါချမှုဖြင့် သိမ်းဆည်းခဲ့သည့် သက်သေခံပစ္စည်းများဖြစ်သည် တာချီလိတ်မြို့၊ မြေကွက် ၂ ကွက် နှင့် တိုက် ၂ လုံး၊ ခြံကွက် ၁ ကွက်နှင့် အဆောက်အအုံ ၁လုံး ၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၆၅၆၀ သိန်း အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့ပါသည်။

**အသုံးပြုသည့် နည်းပုံစံ**

| စဉ် | နည်းပုံစံ | အမှုမှ လေ့လာတွေ့ရှိချက် |
|---|---|---|
| ၁။ | အဖိုးတန်ပစ္စည်းများ ဝယ်ယူခြင်း(အိမ်၊ ခြံ၊ မြေ) | တာချီလိတ်မြို့၊ မြေကွက်၊ နေအိမ်၊ အဆောက်အအုံ၊ ဝယ်ယူပိုင်ဆိုင်ထားခြင်း။ |
| ၂။ | ရင်းနှီးမြှုပ်နှံမှုဖြင့် ငွေကြေးခဝါချခြင်း | တရားမဝင်ငွေကြေးများအား နေအိမ်၊ မြေကွက်နှင့် ဆိုင်ခန်း ဝယ်ယူထားခြင်း၊ |
| ၃။ | တရားဝင်နှင့် တရားမဝင်ငွေကြေးများကို ရောနှောခြင်း | မူးယစ်တရားခံ တင်ဝင်း သည် တရားမဝင် မူးယစ် ဆေးဝါးရောင်းဝယ်ရာမှ ရရှိသည့် အကျိုးအမြတ်များကို တရားဝင်ဖြစ်စေရန် မြေကွက်၊ နေအိမ်၊ အဆောက်အအုံ၊ ပြောင်းလဲပြီး တရားဝင်ငွေကြေးဖြစ်စေရန် ပြုလုပ်ခြင်း။ |

**အမှုဖြစ်စဉ် (၁၆)**

**ကျိုင်းတုံ(မူးယစ်အမှု)၊ တရားခံ Mr.A နှင့် Mr.B**

၅၉။ ကျိုင်းတုံမြို့မရဲစခန်းမယ(ပ) ၈၈/၂၀၁၆ နှင့် ကျိုင်းတုံခရိုင်တရားရုံး ပြစ်မှုကြီးအမှတ် ၈၉/၂၀၁၆၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၁၅/၁၉(က)/၂၀(က)အမှုမှ တရားခံပြေးများဖြစ်ကြသည့် Mr.Aနှင့် Mr.B တို့ ပိုင်ဆိုင်သည့် တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်၊ အမှတ်(ပလ-၂/၃၅၉) နေအိမ်နှင့်မိုင်းဆတ်မြို့နယ်၊ ကျဒယ်ကျေးရွာအုပ်စု၊ ကျဒယ်ကျေးရွာ၊ အမှတ်(က၁/၀၈၉)ရှိ ရေသန့်စက်ရုံတို့မှာ တရားမဝင်သော နည်းလမ်းဖြင့်ရရှိ ထားသည့် ငွေကြေးနှင့်ပစ္စည်းများကို တရားဝင်ဖြစ်အောင် အသွင်ပြောင်းလဲထားခြင်း ဟုတ်/မဟုတ် နှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့်ငြိစွမ်းမှု ရှိ/မရှိ စိစစ်ရန်အတွက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး Mr.E အဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်သော စိစစ်ရေးအဖွဲ့(၇၆ /၂၀၁၆)(မယ) အား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ယင်းအဖွဲ့၏ သုံးသပ်

တင်ပြချက်အရ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Mr.F ဥက္ကဋ္ဌ အဖြစ်ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့(၃/၂၀၁၇)အား ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ မှ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သောအမှုဖြစ်ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ၆-၁-၂၀၁၈ ရက်နေ့တွင် အမှုဖွင့်အရေးယူရန် ညွှန်ကြားခဲ့ပါသည်။

၆၀။ ကျိုင်းတုံရဲစခန်း၊ မယ(ပ) ၈၈/၂၀၁၆ အမှုမှ တရားခံများအနက် ဖမ်းမိတရားခံ ယာဉ်မောင်း Mr.Cနှင့် ယာဉ်နောက်လိုက် Mr.D တို့အား ပြစ်မှုကြီးအမှတ် ၈၉/၂၀၁၆ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉(က)/ ၂၀(က)ဖြင့်လည်းကောင်း၊ ထွက်ပြေးတိမ်း ရှောင်နေသည့် Mr.C၊ Mr.D၊ Mr.A နှင့် Mr.B တို့အား ပြစ်မှုဆိုင်ရာ အထွေထွေအမှုအမှတ် ၂၃/၂၀၁၆၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါး များ ဆိုင်ရာဥပဒေပုဒ်မ ၁၅/ ၁၉(က)/ ၂၀(က)/ ကျင့် ၅၁၂ ဖြင့်လည်းကောင်း၊ ကျိုင်းတုံခရိုင်တရားရုံးသို့ အသီးသီးစွဲဆိုခဲ့ကြောင်း၊ တရားရုံးမှ ၂၆-၂-၂၀၁၆ နေ့တွင် တရားခံ ယာဉ်မောင်း Mr.C အပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က) အရ အလုပ်နှင့်ထောင်ဒဏ် (၁၅)နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပါသည်။

၆၁။ သက်သေခံပစ္စည်းဖြစ်သည့် VIGO မော်တော်ယာဉ်၊ တရုတ်ငွေ၊ ထိုင်းငွေ၊ မြန်မာငွေများနှင့် လက်ကိုင်ဖုန်း(၂)လုံးတို့အား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ပြီး တရားခံပြေးများဖြစ်ကြသော Mr.C၊ Mr.D၊ Mr.A နှင့် Mr.B တို့အား ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်သဖြင့် တရားရုံးမှ ၉-၁၂-၂၀၁၆ နေ့တွင် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၈၇ အရ လူဖမ်း ဝရမ်းနှင့် ပုဒ်မ ၈၈ အရ ပစ္စည်းသိမ်းဝရမ်းထုတ်ထားပြီးဖြစ်ပါသည်။

**အသုံးပြုသည့် နည်းပုံစံ**

| စဉ် | နည်းပုံစံ | အမှုမှ လေ့လာတွေ့ရှိချက် |
|---|---|---|
| ၁။ | အဖိုးတန်ပစ္စည်းများ ဝယ်ယူခြင်း(အိမ်၊ ခြံ၊ မြေ) | တာချီလိတ်မြို့ရှိ **နေအိမ်၊ အဆောက်အအုံ၊** VIGO မော်တော်ယာဉ်နှင့် တရုတ်ငွေ၊ ထိုင်းငွေ၊ မြန်မာငွေများနှင့် ဝယ်ယူပိုင်ဆိုင်ထားခြင်း။ |
| ၂။ | ရင်းနှီးမြှုပ်နှံမှုဖြင့် ငွေကြေး ခဝါချခြင်း | တရားမဝင်ငွေကြေးများအား နေအိမ်၊ မြေကွက် နှင့် ဆိုင်ခန်း ဝယ်ယူထားခြင်း၊ |
| ၃။ | တရားဝင်နှင့် တရားမဝင် ငွေကြေးများကို ရောနှောခြင်း | မူးယစ်တရားခံသည် တရားမဝင် မူးယစ်ဆေးဝါး ကိုယ်တိုင် ထုတ်ရောင်းချ ဖြန့်ဖြူးရောင်းဝယ်ရာမှရရှိသည့် အကျိုးအမြတ်များကိုတရားဝင်ငွေကြေး ဖြစ်စေရန် ပြုလုပ်ခြင်း။ |

## လေ့လာတွေ့ရှိချက်

၆၂။ ၂၀၁၄ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူခဲ့သည့် အမှုများအပေါ် အခြေခံ၍ ပြစ်မှုကျူးလွန်ပုံ နည်းလမ်းများ ဖော်ထုတ်ချက်အရ တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးများကို အများဆုံးသည် အိမ်ခြံမြေ/ မော်တော်ယာဉ် စသည့် အဖိုးတန်ပစ္စည်း ဝယ်ယူခြင်း ၃၆ %၊ ဒုတိယ အများဆုံးသည် ငွေကြေးလဲလှယ်ခြင်း/ ငွေသားပြောင်းလဲခြင်း ၂၄% နှင့် တတိယအများဆုံးသည် တရားဝင်နှင့် တရားမဝင်ငွေကြေးများကို ရောနှောပြသခြင်း(စီးပွားရေးရင်းနှီးမြှုပ်နှံမှု) ၁၇% ရှိခဲ့ပါသည်။ အမည်ခံ/ ဘဏ္ဍာထိန်းများ/ မိသားစုဝင်များ သို့မဟုတ် တတိယအဖွဲ့အစည်းများ အသုံးပြုခြင်း၊ သဏ္ဍာန်ဆောင် ကုမ္ပဏီများ/စီးပွားရေးလုပ်ငန်းများအသုံးပြုခြင်း၊ ငွေဆက်သား/ ငွေကြေးမှောင်ခိုခြင်း၊ အင်တာနက် လောင်းကစားပြုလုပ်ခြင်း၊ ကုန်သွယ်မှုအခြေပြု ငွေကြေးခဝါချခြင်းနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့ခြင်း၊ နိုင်ငံရပ်ခြား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းစသည့် နည်းလမ်းများနှင့်လည်း အသုံးပြု၍ ငွေကြေးခဝါချမှု ကျူးလွန်ထားသည်ကို လေ့လာတွေ့ရှိရပါသည်။

၆၃။ ငွေကြေးခဝါချမှု မှုခင်းများနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူအများစုသည် မူးယစ်ဆေးဝါး ပြစ်မှုများအား ကျူးလွန်ခဲ့ပြီးနောက် မူးယစ်ဆေးဝါးမှရရှိသည့် အကျိုးအမြတ်များဖြင့် ငွေကြေးခဝါချမှု ပြစ်မှုများအား ကျူးလွန်သည့် မှုခင်းဖြစ်ကြောင်း၊ လူကုန်ကူးမှု၊ လောင်းကစားမှု၊ လိမ်လည်မှု၊ အလွဲသုံးစားမှု၊ လက်နက်မှုတို့မှလည်း ငွေကြေးခဝါချမှု ပြစ်မှုများအား ကျူးလွန်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

## သုံးသပ်တင်ပြချက်

၆၄။ ငွေကြေးခဝါချမှု မှုခင်းများနှင့်ပတ်သက်၍ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် မူလပြစ်မှုကျူးလွန်မှုများအပေါ် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအနေဖြင့် ထိရောက်စွာ စုံစမ်းဖော်ထုတ်ရန်နှင့် ငွေကြေးခဝါချမှု စုံစမ်းစစ်ဆေးခြင်းများကိုပါ တစ်ပြိုင်တည်း ဆောင်ရွက်ရန် လိုအပ်လျက်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

## နိဂုံး

၆၅။ မြန်မာနိုင်ငံသည် APG အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ ဖြစ်သည်နှင့်အညီ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးတို့တွင် ဆက်စပ်အစိုးရဌာန/

အဖွဲ့အစည်းများအနေဖြင့် အရပ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ပြစ်မှုကျူးလွန်သည့် နည်းလမ်းများ၊ နည်းပုံစံများကို စဉ်ဆက်မပြတ် ဖော်ထုတ်သွားရမည်ဖြစ်ပါသည်။

ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

## ပြစ်မှုကျူးလွန်ပုံ နည်းလမ်းများ (Typologies)




**ငွေကြေးခဝါချမှုကျူးလွန်ပုံနည်းလမ်းများ (Typologies) မှာ–**

ပထမ – အိမ်ခြံမြေ/မော်တော်ယာဉ် စသည့် အဖိုးတန်ပစ္စည်းဝယ်ယူခြင်း ၃၆ %။

ဒုတိယ – ငွေကြေးလဲလှယ်ခြင်း/ငွေသားပြောင်းလဲခြင်းက ၂၄%။

တတိယ – တရားဝင်နှင့်တရားမဝင်ငွေကြေးများကို ရောနှောပြသခြင်း (စီးပွားရေးရင်းနှီးမြှုပ်နှံမှု) ၁၇% ။

**အခြားနည်းလမ်းများမှာ–**

- အမည်ခံ/ဘဏ္ဍာထိန်းများ/မိသားစုဝင်များ (သို့) တတိယအဖွဲ့အစည်းများ။
- သဏ္ဌာန်ဆောင်ကုမ္ပဏီများ/စီးပွားရေးလုပ်ငန်းများ။
- ငွေဆက်သား/ငွေကြေးမှောင်ခိုခြင်း။
- အင်တာနက်လောင်းကစား ပြုလုပ်ခြင်း။
- ကုန်သွယ်မှုအခြေပြု ငွေကြေးခဝါချခြင်း။
- အကြွမ်းဖက် ငွေကြေးထောက်ပံ့ခြင်း။
- နိုင်ငံရပ်ခြားစီးပွားရေးလုပ်ငန်းများ။

ပြည်ထဲရေးဝန်ကြီးဌာန

မြန်မာနိုင်ငံရဲတပ်ဖွဲ့

ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

# ငွေကြေးခဝါချမှု မှုခင်းများနှင့်စပ်လျဉ်း၍ ကျူးလွန်မှုနည်းပုံစံ အစီရင်ခံစာ
# (Typology Report)

(၂၀၂၂ ခုနှစ်)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၁ |
| ၃။ | ငွေကြေးခဝါချမှု မှုခင်းများ | ၂ မှ ၃၂ |
| | မှုခင်းဖြစ်ပွားမှုစာရင်း | |
| | ငွေကြေးခဝါချမှုများနှင့်ပတ်သက်၍ အရေးယူမှုများနှင့် ယင်းအမှုများတွင် အသုံးပြုသည့်နည်းလမ်းများ | |
| ၄။ | လေ့လာတွေ့ရှိချက် | ၃၂ |
| ၅။ | သုံးသပ်တင်ပြချက် | ၃၂ မှ ၃၃ |
| ၆။ | နိဂုံး | ၃၃ |